ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့ (11-10-2011) (၆၉၀၉)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့နှင့် အထူးဒေသ(၄) ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့တို့ တွေ့ဆုံ၍ ငြိမ်းချမ်းရေးကိစ္စများ ပထမအကြိမ်ဆွေးနွေး

နေပြည်တော်   အောက်တိုဘာ   ၁၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့နှင့် အထူးဒေသ(၄) ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့တို့သည် အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ကျိုင်းတုံမြို့၌ နှစ်ဖက်တွေ့ဆုံ၍ ငြိမ်းချမ်းရေးကိစ္စများကို ပထမအကြိမ် ဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အထူးဒေသ(၄)အဖွဲ့ခေါင်းဆောင် ဦးစံပေ့က အထူးဒေသ(၄)သည် ပြည်ထောင်စုအတွင်းမှ ခွဲထွက်ခြင်း၊ နိုင်ငံတော်ကို ဆန့်ကျင်ခြင်း စသည်တို့ကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသ(၄)၏ စွမ်းရည်များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမည့် အဖွဲ့နှင့် အထူး ဒေသ (၄) ငြိမ်းချမ်းရေး ဆွေးနွေးမည့် အဖွဲ့တို့ ကျိုင်းတုံမြို့၌ ငြိမ်း ချမ်း ရေး ကိ စ္စ များ ကို ပထမ အကြိမ် ဆွေး နွေး ကြစဉ်။**
(သတင်းစဉ်)

ဆက်လက်၍ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးရုံးများ ပြန်လည်ဖွင့်လှစ်ရေး၊ အထူးဒေသ(၄)တွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဝန်ထမ်းများ ပြန်လည်တာဝန်ပေးစေလွှတ်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးကိစ္စများအပေါ် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ☆**

# ပညာရှင်ဝန်ထမ်းများအနေဖြင့် လယ်သမားများနှင့် မကင်းကွာရန် လိုအပ် တောင်သူလယ်သမားများ ထက်သန်သောဆန္ဒရှိရန်နှင့် ပူးပေါင်းပါဝင်ရန် အရေးကြီး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ ခေတ်မီစံပြစက်မှုလယ်ယာ တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း၌ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လေ့လာရန်ရောက်ရှိနေသော နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ တောင်သူလယ်သမားများအား ရှင်းလင်းပြသစဉ်။** (သတင်းစဉ်)

**နေပြည်တော်   အောက်တိုဘာ   ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ ခေတ်မီစံပြစက်မှုလယ်ယာ တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းရှင်းလင်းဆောင်၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လေ့လာရန် ရောက်ရှိနေသော နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ တောင်သူလယ်သမား ၃၅၀ အား တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရက လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနသည်လည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတာဝန်တစ်ရပ်အဖြစ် ပါဝင်ကြိုးပမ်း ထမ်းဆောင်လျက်ရှိကြောင်း။

စိုက်ပျိုးရေးနည်းပညာများ အားနည်းနေသေးသော လယ်ယာလုပ်ငန်းခွင်တွင် အခက်အခဲများရှိကြသော တောင်သူလယ်သမားများအား ဖေးမကူညီလက်တွဲဆောင်ရွက်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍**



ကြေးမုံ The Mirror
၁၁-၁၀-၂၀၁၁
(အင်္ဂါနေ့)

# ရေကြီးရေလျှံမှု သတိပြုကာကွယ်

မုတ်သုံလေဆုတ်ခွာသွားခဲ့သော်လည်း အချို့သောဒေသများတွင် မိုးရွာသွန်းမှု အားကောင်းနေဆဲဖြစ်သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အချို့သောမြစ်ချောင်းများ၏ မြစ်ရေသည် မြစ်ကြောင်းနှင့် နီးစပ်ရာမြို့များ၏ စိုးရိမ်ရေမှတ်များအထက်တွင် ရှိနေကြောင်း တွေ့ရသည်။ အချို့မြို့များ၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် မြစ်ရေလျှံခြင်းသည် သဘာဝတရားဖြစ်သည်။ သို့ရာတွင် မိုးသည်းထန်မြစ်ရေလျှံမှုကြောင့် လူနေအိမ်များ ရေနစ်မြုပ်ပျက်စီးမှု မရှိစေရေး ကြိုတင်ကာကွယ်မှုများ စီစဉ်ထားကြရန် လိုအပ်သည်။ မြစ်ရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ဆက်သွယ်သွားလာမှုမပြတ်တောက်ရေး၊ ရေဘေးသင့်ပြည်သူများအား ပြောင်းရွှေ့နေရာချထားရေး၊ စားနပ်ရိက္ခာနှင့် ဆေးဝါးကုသရေး၊ ကယ်ဆယ်ရေး ပစ္စည်းများ ဖြည့်တင်းကူညီထောက်ပံ့နိုင်ရေး အသင့်စီမံထားကြရမည် ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် မြို့ရွာ၊ ရပ်ကွက်များ ရေဝင်ခြင်း၊ မြေပြိုကျခြင်းများ ဖြစ်နိုင်သည်။ မြို့ရွာ၊ ရပ်ကွက်များ ရေဝင်နစ်မြုပ်သည့်အခါ သတိပြုဆင်ခြင်လိုက်နာဖွယ်ရာအချက်များကို ထုတ်ပြန်ထားရာ ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အတူ မြစ်အတွင်းရှိ ရေထိန်းဆည်များ၊ ရေထွက်ပေါက်များမှ ရေထွက်ရမည့်စံနှုန်းအတိုင်းရေထွက်ရန် လိုအပ်သည်။ မြစ်ကြောင်းထိန်းသိမ်း ပြုပြင်မှု လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခြင်းဖြင့် သဲနုန်းများကျရောက်ခြင်း၊ မြစ်ကြောင်း ကျဉ်းမြောင်းလာခြင်းတို့မှ ကာကွယ်နိုင်သည်။ ရေဝင်ရေထွက်အခြေအနေကို မြစ်ရေကြီးမှုအပေါ် မူတည်၍ အချိန်မီဆောင်ရွက်ခြင်း၊ ဆည်အတွင်း အမြင့်ဆုံး ရေမှတ်မရောက်မီ ဆည်ရေထိန်းသိမ်းမှု၊ ရေလွှတ်မှုအတိုင်းအတာကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆည်တမံများ တည်ဆောက်ကြသည်။ အချို့ဒေသများတွင် ရေကြီး ရေလျှံခြင်းမှ ကာကွယ်ထိန်းသိမ်းရန်နှင့် လိုအပ်သည့်အချိန်တွင် ဆည်ရေလွှတ်ပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ မိုးရွာသွန်းမှုအားကောင်းသဖြင့် ဆည်ရေပမာဏများပြားစွာ မြင့်တက်လာမှ ဆည်ရေလွှတ်ရခြင်းမျိုး မဖြစ်ပေါ်စေရေး အချိန်မီ စနစ်တကျဆောင်ရွက်သွားကြရေး ဂရုပြုကြရမည်ဖြစ်သည်။

မြစ်ရေကြီးရေလျှံမှုအပါအဝင် အခြားသောသဘာဝဘေးအန္တရာယ်များသည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ အစဉ်သတိပြုကာကွယ်မှုများ ပြုလုပ်ကြရပေမည်။ ဆည်တမံထိန်းသိမ်းရေး၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ရေကြီးရေလျှံမှုကာလကြာမြင့်လာပါက ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက လက်တွဲညီညီ အစဉ်သတိပြု ကာကွယ်မှုများ ပြုလုပ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။

## ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား JICA ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အရှေ့တောင်အာရှနှင့် ပစိဖိတ်ဌာန၏ ညွှန်ကြားရေးမှူး Mr. Kensuke Fukawa နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ အခွန်စီမံခန့်ခွဲရေးနှင့် ဘဏ်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ထိရောက်ထက်မြက်စေရေး စသည့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကုသိုလ်ပါဝင် လှူဒါန်းပူဇော်နိုင်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအတွက် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း ရွှေတိဂုံစေတီဂေါပကအဖွဲ့ထံမှ သိရှိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်အပါး ၂၆၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ဆွမ်းဆန်တော်လောင်းလှူရန် သံဃာတော်တစ်ပါးလျှင် နဝကမ္မ ၃၀၀၀၀ ကျပ်နှုန်း၊ သင်္ကန်းဒွိစုံ တစ်စုံ ၁၂၀၀၀ ကျပ်နှုန်း၊ အထိမ်းအမှတ်ယပ်တောင် တစ်ချောင်း ၃၀၀၀ ကျပ်နှုန်း၊ နေကထိုင်တစ်ခု ၁၅၀၀ ကျပ်နှုန်း၊ ၁၅ ရက်တိုင်တိုင် ဓမ္မကထိက ဆရာတော်ကြီးများဖြင့် တရားပွဲများကျင်းပရန် ဆရာတော်တစ်ပါးလျှင် မတည်လှူဒါန်းငွေ ၅၀၀၀၀၀ ကျပ်နှုန်း၊ သံဃာတော်အပါး ၁၈၀ ဖြင့် ၁၅ ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းပူဇော်ရာ၌ လှူဒါန်းရန် မဟာပဋ္ဌာန်းသံဃာတော် တစ်ပါးလျှင် ၂၀၀၀၀ ကျပ်နှုန်း၊ ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်သော သီလရှင်အပါး ၂၆၀ အတွက် တစ်ပါးလျှင် ၁၀၀၀၀ ကျပ်နှုန်း၊ မဟာပဋ္ဌာန်း (အထူးထုတ်စာအုပ်) (အလှူရှင်များအား ဓမ္မဒါနပြုရန် ကမ္ပည်းထိုး) စာအုပ် အုပ်ရေ ၁၀၀ (၂၀၀၀၀) ကျပ်နှုန်း၊ ပလတ်စတစ် ပဋ္ဌာန်းယပ်တောင် တစ်ခု ၄၅၀ ကျပ်နှုန်း၊ ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဆံတော်ကြိုစေတီရှိရာ မြို့နယ်များသို့ လှည့်လည်အပူဇော်ခံပြီးနောက် ဆံတော်ကြိုစေတီများ လှူဒါန်းပူဇော်ရန်အတွက် စေတီတစ်ဆူလျှင် လှူဒါန်းငွေကျပ် ၅၀၀၀၀၀ နှုန်းတို့ဖြင့် လှူဒါန်းပူဇော်နိုင်သည်။

(နွဲ့နွဲ့ကြည်-သတင်းစဉ်)

**ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ (၂၃)ကြိမ်မြောက် ဆွမ်းသိမ်းဒါနအောင်ပွဲအဖြစ် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံမြို့နယ်များရှိ ကျောင်းတိုက်ကြီး ၁၆ တိုက်မှ သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် စာရေးတံမဲလှူဒါန်းနိုင်ရန် မင်္ဂလာမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် သံဃာ့ဒါနဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (၅၄၆)



## ပြည်ရွှေဆံတော် ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်ပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲ ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၀**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ (တန်ဆောင်တိုင်) ဘုရားပွဲတော်နှင့် (၁၁၂)ကြိမ်မြောက် မြတ်စွယ်တော် အပူဇော်ခံပွဲကို ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၃ ရက်မှ ၁၂ ရက်)အထိ အစဉ်အလာမပျက် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေဆံတော်ရင်ပြင်ရှိ ကျားပျံမကောက်ဓမ္မာရုံ၌ ကျင်းပရာ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပွဲတော်ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီဝင်များက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီတွင် စေတီတော်မြတ်ကြီး ရင်ပြင်ပတ်လည်၌ ဘုရားရှင်အမှူးပြုသော သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ပါသဖြင့် လောင်းလှူမည့် စေတနာရှင်များသည် နေရာပြင်ဆင်ထားနိုင်ရန်အတွက် နိုဝင်ဘာ ၂ ရက်နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ စာရင်းပေးကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



**(၄၇)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်နှင့် မဟာဝိဇယကာရီ လိပ်ပြာကန်ကျောင်းတိုက်တို့၌ စက်တင်ဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြဝင်း ဦးဆောင်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အမှတ်(၁၁) ရဲတပ်ရင်း၊ အမှတ်(၁)(၂)(၃) စခန်းများမှ အင်အား ၁၂၀ ဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးကြစဉ်။** (ကြေးမုံ)

## ဓာတ်ရောင်ခြည်ဆေးပညာအဖွဲ့ (၉)ကြိမ်မြောက်ညီလာခံ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံဆရာဝန်အသင်း ဓာတ်ရောင်ခြည်ဆေးပညာအဖွဲ့၏ (၉)ကြိမ်မြောက်ညီလာခံ (9th Myanmar Radiological Society Meeting ) ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ဓာတ်ရောင်ခြည်ဘက်ဆိုင်ရာ ဆေးပညာရှင်များလည်း ပူးပေါင်းပါဝင်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်မှန်ဌာန၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၁-၁၀-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၅ ၅။ အင်္ဂလိပ်စာသုတ
၅း၀၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် အပိုင်း (၄၄)**
၆း၀၀ ၈။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၀။ Guide For You
၆း၃၀ ၁၁။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၉)**
၈း၀၀ ၁၃။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ ဒို့တာဝန်အရေး(၃)ပါး
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ မွေးမြူသုတ
၁၉။ ဟာသရုပ်စုံ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ အပိုင်း (၆၀)**
၂၂။ Mini Series

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၁၀-၁၀-၂၀၁၁**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၄၆၂ | ၀. ၀၃၂၄၂ |
| တရုတ် (ယွမ်) | ၆. ၃၇၉၂၆ | ၀. ၁၅၆၇၆ |
| အိန္ဒိယ (ရူပီး) | ၄၈. ၉၁၀၀ | ၀. ၀၂၀၄၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၅၅၀ | ၀. ၃၁၉၉၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၈၈၇ | ၀. ၇၈၁၉၄ |
| ဂျပန် (ယန်း) | ၇၆. ၇၂၅၄ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၇. ၅၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၃၄၀၈ | ၁. ၃၆၂၂၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၆၆ | ၁. ၅၆၅၇၇ |

*အင်တာနက်။*



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် (၉) မိုင် မစိုးရိမ်ကျောင်းလမ်း လမ်းသွယ်(၃)နေ ကွယ်လွန်သူ ဦးအောင်ထွဋ် အသက် (၄၉)နှစ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ မြစ်သားမြို့၊ မန္တလေးတိုင်းဒေသကြီး)အားရည်စူး၍ မိဘနှစ်ပါးနှင့် ဇနီး ဒေါက်တာဒေါ်သင်းသင်းဆွေ၊ ညီအစ်ကို မောင်နှမ မိသားတစ်စုနှင့် ဆည်မြောင်းဦးစီးဌာန အရာထမ်း၊ အမှုထမ်း မိသားစုများက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။** (ကြေးမုံ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာရပ်ခံတင်ပြသည့် အိတ်ဖွင့်စာတစ်စောင်ပေးပို့

နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာရပ်ခံတင်ပြသည့် အိတ်ဖွင့်စာတစ်စောင်ကို ယနေ့ရက်စွဲဖြင့် ပေးပို့ခဲ့သည်။**

အဆိုပါ အိတ်ဖွင့်စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**နိုင်ငံတော်သမ္မတခင်ဗျား-**

၁။ နိုင်ငံတော်သမ္မတအနေဖြင့် ပြည်သူများ မျှော်လင့်နေကြသည့် ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု စသည့်မူများပေါ်အခြေခံကာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြင်သာထင်သာရှိသည့် လုပ်ဆောင်ချက်တစ်ရပ်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့ ဖွဲ့စည်းတည်ထောင်ခြင်းကို မြန်မာနိုင်ငံပြည်သူများ ထောက်ခံကြိုဆိုကြမည်ဟု ယုံကြည်ပါကြောင်း ဦးစွာဖော်ပြအပ်ပါသည်။

၂။ ယခုကဲ့သို့ ဖွဲ့စည်းတည်ထောင်ရာတွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ်၊ A/RES/48/134 ၌ ဖော်ညွှန်းထားသည့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံမူများ [(Principles relating to the status of national institutions (Paris Principles)] (ပါရီအခြေခံမူများ)ကို အခြေခံ၍ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတွင် ကျွန်တော်တို့ကော်မရှင်သည် ပဉ္စမမြောက် ကော်မရှင်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင်လည်း နိုင်ငံသားများ၏ မူလအခွင့်အရေး ချိုးဖောက်ခံရကြောင်း တိုင်ကြားစာ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန်လည်း တာဝန်တစ်ရပ်အနေဖြင့် ပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ကော်မရှင်၏တာဝန်များကို အပြည့်အဝထမ်းဆောင်ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန် သန္နိဋ္ဌာန်ချထားပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတည်ထောင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်း၏ မျှော်လင့်ချက်ကို တစ်နည်းတစ်လမ်းအားဖြင့် ဖြည့်ဆည်းရာရောက်သည်ဟု ယူဆပါသည်။

၅။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အချို့သောနိုင်ငံတို့၏ မျှော်လင့်တောင့်တချက်တစ်ရပ်မှာ "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ" ("PRISONERS OF CONSCIENCE") ဟု ၎င်းတို့ ဖော်ညွှန်းနေသော အကျဉ်းထောင်တွင်း ရှိနေသူများအား လွတ်ပေးရေးကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။ ထိုအကျဉ်းသားများသည် တည်ဆဲဥပဒေများကို ချိုးဖောက်သဖြင့် အပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်အနေဖြင့် လက်ခံသဘောပေါက်ပါသည်။

၆။ ထိုသို့ တည်ဆဲဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းကျနေသူများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့်အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို လွတ်ပေးခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ၎င်းတို့အား ကျခံနေရသော အပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

**ရိုသေလေးစားစွာဖြင့်**

**(ပုံ)ဝင်းမြ**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ (ကိုယ်စား)**

ရက်စွဲ ၊ ၁၀-၁၀-၂၀၁၁

နေရာ၊ ရန်ကုန်မြို့



**(၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ထားဝယ်မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ၁၀ မြို့နယ်မှ အကောင်းဆုံးရဲစခန်းဆု၊ ရဲတပ်သားသစ်အများဆုံး စုဆောင်းနိုင်မှုဆု၊ အမှုတရားစွဲတင်နိုင်မှု အကောင်းဆုံးဆု၊ ပြေး လေး ပြေး အများဆုံး ဖမ်းဆီးနိုင်မှုဆုတို့အား မြို့နယ်ရဲတပ်ဖွဲ့မှူးများအား ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ကူညီသည့်အတွက် (၅)ကြိမ်မြောက် ဂုဏ်ပြုလွှာရရှိသူ မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုတို့ ရရှိသူ သတင်းထောက် ဦးခင်မောင်ကြီးအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်တိုး ချီးမြှင့်စဉ်။** (၄၇၃)

## အင်းတော်မြို့ ခေတ်ကြေးမုံစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အခမ်းအနားကျင်းပ

**အင်းတော် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ ခေတ်ကြေးမုံစာကြည့်တိုက် ပြန်လည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေမြတ်နိုးသူ စာဖတ်ပရိသတ်များ စာဖတ်ရှိန်မြှင့်တင်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရဲမြင့်နှင့် ခေတ်ကြေးမုံစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့နာယက ဦးကျော်ဝင်းတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ခေတ်ကြေးမုံစာကြည့်တိုက် ပြန်လည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်ကြရာ ဦးစန်းနိုင်-ဒေါ်ညိုညိုဆွေက အလှူငွေကျပ် ၁၂၀၀၀၀၊ ဦးရှိန်မြင့်-ဒေါ်ကွမ်းလီ(ဗန်းမော်)က အလှူငွေကျပ် နှစ်သိန်း၊ ဦးမျိုးထိုက်-ဒေါ်ခင်ဥမ္မာက အလှူငွေကျပ်နှစ်သိန်း၊ ဦးအောင်မျိုးဇော်(ခ) ကိုကွမ်းတက အလှူငွေကျပ် တစ်သိန်း၊ ဦးမိုးဇော်ဦး-ဒေါ်အေးလီ (အောင်စေပိုင်ကုမ္ပဏီ)က အလှူငွေကျပ် တစ်သိန်း၊ ဦးညီညီလွင်-ဒေါ်မိုးမိုးမြင့်က အလှူငွေကျပ်တစ်သိန်း၊ ဦးတင်မောင်ဆွေက အလှူငွေကျပ်ငါးသောင်း၊ ဦးမိုးဇော်အောင်-ဒေါ်ဘုတ်ဆုံ(မန္တလေး)က အလှူငွေကျပ် ငါးသောင်း၊ ဦးခင်မောင်ကျော်(ပြင်ဦးလွင်)က အလှူငွေကျပ် သုံးသောင်းနှင့် ဦးမောင်မောင်-ဒေါ်ဝင်းဝင်းခိုင်က အလှူငွေကျပ်တစ်သိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၂၁ သိန်းသုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အင်းတော်မြို့ ခေတ်ကြေးမုံစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက ခေတ်ကြေးမုံစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအကျိုးတော်ဆောင်အဖွဲ့ ဦးစန်းနိုင်၊ ဦးအောင်သူ၊ ဦးဝင်းထွန်း၊ ဦးတင်ဝင်းချစ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃၃)



**ရန်ကုန်မြို့ ဒဂုံမြို့နယ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား၌ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်နှင့် ထက်/လယ်/မူကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများက အငြိမ်းစားမြို့နယ်ပညာရေးမှူးနှင့် ထက်/လယ်/မူ ကျောင်းအုပ်ကြီးများအား ပူဇော်ကန်တော့ပြီး အငြိမ်းစား မြို့နယ်ပညာရေးမှူး ဦးတင်ရီ ဆုပေးဩဝါဒမြွက်ကြားစဉ်။** (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၁-၁၀-၂၀၁၁ (အင်္ဂါနေ့)**

**[၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)]**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၀ ၉။ ဝါကျွတ်တေးများ
၈း၂၅ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၈း၅၀ ၁၁။ International News
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၄း၂၀ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ပဉ္စမအကြိမ်မြောက် ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၁) မှော်ဘီ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ ဝါကျွတ်တေးများ
၅း၁၀ ၇။ "ဖောင်တော်ဦးဘုရားပွဲတော်"
၅း၂၅ ၈။ ၂၀၁၁ ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၅း၃၅ ၉။ ထင်ရှားကျော်ကြားသီချင်းများ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၇)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အတီးဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၁၉။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း-၁၈) (ဇာတ်သိမ်း)**
၂၁။ **အိန္ဒိယရုပ်ရှင် "ဂန္ဓဝင်တွင်မယ့်ဇနီး' (အပိုင်း-၁)**
၂၂။ အစီအစဉ်ပြီး၏။

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## Geotechnical Engineering Course(Level 1) သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဘူမိအင်ဂျင်နီယာကော်မတီကကြီးမှူး၍ နိုင်ငံတကာအဆင့်မီ လက်မှတ်ရ Geotechnical Engineering Course (Level 1) သင်တန်းကို အောက်တိုဘာ ၂၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း အခန်း(၃၀၃) လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၇၆၇၃-၇၆၊ Ext-၅၀၁နှင့်၀၉-၄၃၁၁၈၂၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ တပ်ကုန်းမြို့နယ်၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်း ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်ရှိ ဘိုးဘွားများအား ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်နှင့် သားဖွားဆရာမများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ တရားစာများ ဖတ်ကြားပေးခြင်းနှင့် အာဟာရကျွေးမွေးခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ (၀၉၂)

## စစ်တောင်း မြစ်ရေ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၃၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၂ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## စကော့တလန်ဒေသရှိ နျူစက်ရုံဟောင်း၌ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်ယိုစိမ့်မှုဖြစ်ပွား

**လန်ဒန် အောက်တိုဘာ ၁၀**

ဗြိတိန်နိုင်ငံ စကော့တလန်ဒေသရှိ နျူကလီးယားစက်ရုံတစ်ရုံ၌ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်ယိုစိမ့်မှု အနည်းငယ် ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ရာတွင် ဓာတ်ရောင်ခြည်ယိုစိမ့်မှုကို ရပ်တန့်ပေးနိုင်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဒွန်ရေးဖက်စ် ဓာတ်ပေါင်းဖိုအမည်ရှိ နျူကလီးယား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံဟောင်းတွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစက်ရုံကို ၁၉၅၀ ပြည့်လွန်နှစ်များက ဆောက်လုပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှစ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု မပြုတော့ပေ။

ဒွန်ရေးဖက်စ် ဓာတ်ပေါင်းဖိုကို ယခုအခါကုမ္ပဏီတစ်ခုက တာဝန်ယူ၍ ပြန်လည်ဖျက်သိမ်းနေချိန်အတွင်း ဓာတ်ရောင်ခြည် ယိုစိမ့်မှု အနည်းငယ်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါစက်ရုံမှာ ဝေးလံသီခေါင်သောနေရာ၌ တည်ရှိပြီး ဓာတ်ရောင်ခြည်အနည်းငယ် ယိုစိမ့်မှုကို ရပ်တန့်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ **ဆင်ဟွာ။**



၁၉၁၁ ခုနှစ် တော်လှန်ရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဗီယက်နမ်တောင်ပိုင်း၌ ရေလွှမ်း လူ ၂၄ ဦးသေဆုံး

**ဟနွိုင်း အောက်တိုဘာ ၁၀**

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွားလျက်ရှိရာ အောက်တိုဘာ ၁၀ ရက်အထိ ကလေး ၂၁ ဦးအပါအဝင် ၂၄ ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိသည်ဟု မုန်တိုင်းနှင့် ရေလွှမ်းမှုထိန်းချုပ်ရေးဗဟိုကော်မတီက ပြောကြားသည်။

ထို့ပြင် အိမ်ခြေ ၅၇၅၀၀ လုံးကျော်၊ စပါးနှင့် အခြား ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာ ၂၄၀၀၀ ခန့်နှင့် ငါးမွေးမြူရေးကန် ဟက်တာ ၂၀၀၀ ကျော် ရေနစ်မြုပ်၍ လမ်းအရှည် ကီလိုမီတာ ရာပေါင်းများစွာ ပျက်စီးခဲ့သည်။

ပျက်စီးဆုံးရှုံးမှုမှာ ကနဦးခန့်မှန်းချက်အရ ဗီယက်နမ်ငွေ ဒေါင် ၉၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၅၆ သန်း) ရှိမည်ဟု သတင်း၌ ဖော်ပြထားသည်။

မဲခေါင်မြစ်ညာပိုင်းတွင် မြစ်ရေလျော့ကျသွားပြီး မြစ်ဝှမ်းဒေသ၌ မြစ်ရေဖြည်းညင်းစွာကျဆင်းမည်ဖြစ်သည်။ အောက်တိုဘာ ၁၃ ရက်မတိုင်မီ ဒေါင်သက်မူအီဒေသနှင့် လောင်ဟူရန်ကွာအုန်ဂျဲလ်ဒေသတို့တွင် ရေမျက်နှာပြင် အမြင့်ဆုံးအမှတ် ၄ ဒသမ ၈ မီတာအထိ ရောက်ရှိမည်ဟု မိုးလေဝသ ကြိုတင်ခန့်မှန်းရေးဌာနက ပြောကြားသည်။ **ဆင်ဟွာ။**

## မိုဂါဒစ်ရှူး၌ တိုက်ပွဲများ ဖြစ်ပွား

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၀**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ စစ်သွေးကြွများက မော်တာဖြင့် ပစ်ခတ်သောကြောင့် ဆိုမာလီအရပ်သား အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့ရကြောင်း အာဖရိကသမဂ္ဂတပ်ဖွဲ့၏ ကြေညာချက် ထွက်ပေါ်လာပြီးနောက် အစိုးရကို ထောက်ခံသော တပ်ဖွဲ့များ သည် အယ်လ်ရှာဘတ် စစ်သွေးကြွများ၏ စစ်စခန်းများအား ဝင်ရောက်တိုက်ခိုက်ရာမှ တနင်္လာနေ့တွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

အာဖရိကသမဂ္ဂတပ်ဖွဲ့များနှင့် ဆိုမာလီ အစိုးရတပ်ဖွဲ့များက အယ်လ်ရှာဘတ် စစ်သွေးကြွများ ထိန်းချုပ်ထားသည့် မိုဂါဒစ်ရှူးမြို့မြောက်ပိုင်းရှိ စခန်းများကိုတိုက်ခိုက်ရာ ယင်းနယ်မြေ၌ နေထိုင်ကြသော အရပ်သားများမှာ ထွက်ပြေးကြရသည်။

မြို့မြောက်ပိုင်း၌ အနည်းငယ် ကျန်ရှိနေသေးသည့် အယ်လ်ရှာဘတ် စစ်သွေးကြွများက ခြိမ်းခြောက်ဆဲရှိကြောင်း အာဖရိကသမဂ္ဂတပ်ဖွဲ့ တပ်မှူး ဗိုလ်ချုပ် ဖရက်မူဂီရှာက ပြောသည်။

လွန်ခဲ့သည့် ဩဂုတ်လအတွင်း၌ အယ်လ်ရှာဘတ် သောင်းကျန်းသူများသည် မြို့တော်မှ ထွက်ခွာသွားခဲ့ကြပြီး ၎င်းတို့၏ ခေါင်းဆောင်များက မဟာဗျူဟာအရ ထွက်ခွာခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ရိုက်တာ။**

## တရုတ်နိုင်ငံ၌ ၁၉၁၁ ခုနှစ် တော်လှန်ရေး ရာပြည့်အထိမ်းအမှတ် ပြတိုက်ဖွင့်လှစ်

ဝူဟန် အောက်တိုဘာ ၁၀

**တရုတ်နိုင်ငံ၌ ၁၉၁၁ ခုနှစ်တော်လှန်ရေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြတိုက်ကို နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်တွင် ဖွင့်လှစ်ပြသလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

ရှေးဟောင်းတရုတ်ပြည်၌ ဧကရာဇ်ဘုရင်အုပ်ချုပ်ရေး စနစ် နှစ် ၂၀၀၀ တည်ရှိခဲ့မှုကို ၁၉၁၁ ခုနှစ် တော်လှန်ရေးက အဆုံးသတ်စေခဲ့သည်။

ကျင်မင်းဆက် (၁၆၄၄-၁၉၁၁)ကို ဖြုတ်ချခဲ့သော ၁၉၁၁ ခုနှစ် တော်လှန်ရေးသည် ယင်းနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ခဲ့သည်။ အကျိုးရလဒ်အားဖြင့် အာရှတိုက်တွင် ပထမဆုံး အကြိမ် သမ္မတစနစ်ကျင့်သုံးသော အစိုးရအဖွဲ့တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။



၁၉၁၁ ခုနှစ် တော်လှန်ရေးစတင်ခဲ့ရာနေရာဒေသမှာ ဟူပေပြည်နယ်ဖြစ်သည်။

ဧကရာဇ်ဘုရင် အုပ်ချုပ်ရေးစနစ်ချုပ်ငြိမ်းခဲ့မှု ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၉ ရက်က မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

၁၉၁၁ ခုနှစ် တော်လှန်ရေးအထိမ်းအမှတ်ပြတိုက်၏ အပြင်ဘက်တံတိုင်းကို တော်လှန်ရေး၏ အထိမ်းအမှတ်အရောင်ဖြစ်သော အနီရောင်ဖြင့် ခြယ်သထားသည်။

စတုရန်းမီတာ ၂၂၀၀၀ အကျယ်အဝန်းရှိ အဆိုပါ ပြတိုက်၌ တော်လှန်ရေးနှင့်သက်ဆိုင်နေသော သမိုင်းဝင်ဓာတ်ပုံ ၇၀၀ ခန့်နှင့် ပစ္စည်းအမျိုးပေါင်း ၉၀၀ ကျော်ကို ခင်းကျင်းပြသထားသည်။ **ဆင်ဟွာ။**

## ဆေးခြောက် ၂ ဒသမ ၃ တန် မက္ကဆီကို၌ သိမ်းဆည်းရမိ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၀**

မက္ကဆီကိုနိုင်ငံ၌ မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ဆင်ရေး လုပ်ငန်းတစ်ရပ်အတွင်း အစိုးရတပ်ဖွဲ့ဝင်များက ဆေးခြောက် ၂ဒသမ ၃ တန်ကို သိမ်းဆည်းရမိခဲ့ပြီး လူကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံအနောက်မြောက်ပိုင်းဒေသများ၌ မူးယစ်ဆေးဝါး နှိမ်နင်းရေး စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို ဆင်နွှဲခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်ရုံးက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တီယွန်နားမြို့၏ ဆင်ခြေဖုံးဒေသ၌ အလေးချိန် ၁ ဒသမ ၇ တန်ရှိ ဆေးခြောက် ၄၆၇ ထုပ်ကို မက္ကဆီကိုတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်သူများအဖြစ် မသင်္ကာသူ ခုနစ်ဦးကို ဖမ်းဆီးခဲ့သည်။

မက္ကဆီကိုမြို့ရှိ စစ်ဘက်ဆိုင်ရာစစ်ဆေးရေးစခန်းတစ်ခု၌ မော်တော်ယာဉ်နှစ်စီးကို ရပ်တန့်စစ်ဆေးခဲ့ရာ ၆၅၂ ကီလိုဂရမ် အလေးချိန်ရှိ ဆေးခြောက်အထုပ်ပေါင်း ၁၁၈ထုပ်ကို သိမ်းဆည်းရမိခဲ့သည်။ ယင်းဖြစ်စဉ်တွင် လူနှစ်ဦးကိုဖမ်းဆီးခဲ့သည်။ **အင်တာနက်။**

## ဂျပန် နျူကပ်ဘေးသင့်ဒေသမှ ကလေးသုံးသိန်းကျော် သိုင်းရွိုက်အကျိတ် ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ စမ်းသပ်

တိုကျို အောက်တိုဘာ ၁၀

**ဖူကူရှီးမားစီရင်စု၌ နေထိုင်သော ကလေး ၃၆၀၀၀၀ ခန့်ကို ဒေသတွင်းဖြစ်ပွားခဲ့သော နျူကလီးယားကပ်ဘေးမှ ထွက်ပေါ်လာသည့် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များကြောင့် သိုင်းရွိုက်အကျိတ် (Thyroid Gland) များ ပျက်စီးထိခိုက်ခဲ့မှုရှိ၊ မရှိ ဂျပန်နိုင်ငံက စတင်စစ်ဆေးပေးနေကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။**

ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စုရှိ ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံသည် မတ်လ ၁၁ ရက် မြေငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရပြီး ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်ယိုစိမ့်မှု ဖြစ်ပေါ်ခဲ့ရသည်။

ဖူကူရှီးမားစီရင်စုနေ ကလေးများ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များကြောင့် သိုင်းရွိုက်အကျိတ်များ ပျက်စီးထိခိုက်မှုရှိ၊ မရှိကို ဂျပန်နိုင်ငံက အောက်တိုဘာ ၉ ရက်တွင် စတင်စစ်ဆေး စမ်းသပ်ခဲ့သည်။

ကလေးများတွင်ရှိသည့် သိုင်းရွိုက်အကျိတ်များသည် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်မှုကို ခံနိုင်စွမ်းမရှိဘဲ ပျက်စီးထိခိုက်လွယ်သည်။

ယူကရိန်းနိုင်ငံ၌ ၁၉၈၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ချာနိုဘိုင်းလ် နျူကလီးယားကပ်သင့်မှုနောက်ပိုင်း ကလေးများ၌ သိုင်းရွိုက်ကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာကြောင်း အထောက်အထားများ တွေ့လာရခြင်းကြောင့် မိဘများ၏ စိုးရိမ်စိတ်ကို ဖြေဖျောက်ပေးနိုင်ရေးအတွက် ကျယ်ပြန့်သော စစ်ဆေးမှုများ လုပ်ဆောင်ရန် ဖူကူရှီးမားစီရင်စုအစိုးရက ဆုံးဖြတ်ခဲ့သည်။

ဖူကူရှီးမားနျူကလီးယား ဓာတ်အားပေးစက်ရုံတည်ရှိရာ ဒေသအနီးမှ မြို့နှစ်မြို့တွင် နေထိုင်ခဲ့ကြသော ကလေးများကို ပထမဆုံးအုပ်စုအနေဖြင့် ဖူကူရှီးမားဆေးတက္ကသိုလ်က သိုင်းရွိုက်အကျိတ်ဆိုင်ရာ စစ်ဆေးမှုများ လုပ်ဆောင်ပေးခဲ့သည်။ **အင်တာနက်။**



**အောက်တိုဘာ ၈ ရက်တွင် ကျရောက်သော အိန္ဒိယလေတပ်မတော်နေ့ နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို နယူးဒေလီအနီး ဟင်ဒွန်မြို့၌ ကျင်းပစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**ဖူကူရှီးမား နျူကလီးယားကပ်ဘေးမှ ထွက်ပေါ်လာသည့် ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များ သက်ရောက်မှု ခံရခြင်း ရှိ၊ မရှိ စစ်ဆေးမှု ခံနေသော ဂျပန်ကလေးတစ်ဦးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အိန္ဒိယနိုင်ငံ ကာဂီးလ်ဒေသ၌ လေတပ်စခန်းသစ် ဖွင့်လှစ်မည်

**နယူးဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံ ကာဂီးလ်ဒေသ၌ လေတပ်အခြေစိုက်စခန်းတစ်ခုကို ၂၀၁၆ ခုနှစ်ထက် နောက်မကျဘဲ ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း ယင်းနိုင်ငံရှိ သတင်းဌာနများက အောက်တိုဘာ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

ကက်ရှ်မီးယားပြည်နယ် လက်ဒခါခရိုင်ရှိ ကာဂီးလ်လေယာဉ်ကွင်းကို အိန္ဒိယလေတပ်၏ သယ်ယူပို့ဆောင်ရေး အခြေစိုက်စခန်းတစ်ခုအဖြစ်သို့ တည်ဆောက်မည်ဖြစ်ကြောင်း၊ အလတ်စားနှင့် အကြီးစားစစ်လေယာဉ်များ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း လေတပ်အကြီးအကဲ ဗိုလ်ချုပ်နော်မန်အင်နီးလ်ကူးမားက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အောက်တိုဘာ ၈ ရက်တွင် ကျရောက်သော အိန္ဒိယလေတပ်မတော်နေ့ နှစ်ပတ်လည် အခါသမယတွင် လေတပ်စခန်းသစ်ထူထောင်ရန် အစီအစဉ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ကာဂီးလ်ဒေသရှိ လေယာဉ်ကွင်း၏ ပေ ၆၀၀၀အရှည်ရှိ လေယာဉ်ပြေးလမ်းကို တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ကာဂီးလ်လေတပ်စခန်းပေါ်ထွန်းလာပါက ရုရှားလုပ် အိုင်အယ်လ်-၇၆ အမျိုးအစား အကြီးစား ကုန်တင်လေယာဉ်များကဲ့သို့သော လေယာဉ်ကြီးများ အဆင်းအတက် ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယလေတပ်အတွက် အမေရိကန်လုပ် စီ-၁၇ ဝန်တင်လေယာဉ်များကို မှာယူထားကြောင်း၊ မကြာသေးမီက စီ-၁၃၀ ဂျေစူပါ ဟာကျူလီအမျိုးအစားလေယာဉ်များကို အိန္ဒိယလေတပ်က လက်ခံရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

# ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းကျဆင်းရေး သားဖွားပညာကျွမ်းကျင်မှုများနှင့် ကိုယ်ဝန်ဆောင်မိခင်များ ရာနှုန်းပြည့်မွေးဖွားနိုင်ရန် ကြိုးပမ်း

နေပြည်တော်   အောက်တိုဘာ   ၁၀

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားကြီးကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ပြင်ပလူနာဌာန၊ ကိုယ်ဝန်ဆောင်စမ်းသပ်ခန်း၊ မွေးခန်း၊ ဆေးသိုလှောင်ခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ကော့မှူးမြို့နယ် နတ်စင်ကုန်း ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးပြီး ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးရုံလုပ်ငန်းစာရင်းဇယားများ ကောက်ယူရာတွင် ကိန်းဂဏန်းများ မှန်မှန်ကန်ကန်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းစဉ်မှန်ကန်၍ အချိန်အခါ နေရာဒေသနှင့် ကိုက်ညီမှုရှိကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြရန် မှာကြားသည်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မှာကြားဖြည့်ဆည်း

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး လူနာစမ်းသပ်ခန်း၊ ကိုယ်ဝန်ဆောင်စမ်းသပ်ခန်း၊ မွေးခန်း ဖွဲ့စည်းတည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မိမိမြို့နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်တိုင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း (Skill Training) ရရှိပြီးသည့် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဆရာမနှင့် သားဖွားဆရာမများဖြင့် မွေးဖွားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဆေးရုံ၊ လေ့ကျင့်သင်တန်းပေးထားသော ဆရာဝန်၊ သူနာပြုများအတွက် ဝန်ဆောင်မှုစရိတ် ကုန်ကျမှုမရှိဘဲ လူနာအတွက် လိုအပ်သည့် ဓာတ်မှန်၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးစရိတ်၊ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူသည့် ကုန်ကျစရိတ်အတွက်သာ ကျခံရသည့်အတွက် စရိတ်မျှပေး ကျန်းမာရေးစနစ် ဆောင်ရွက်မှုကို ဝန်ထမ်းများနှင့် ပြည်သူလူထုအတွင်း ရှင်းရှင်းလင်းလင်း သိရှိနားလည်သဘောပေါက်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မှော်ဘီမြို့နယ် ဝါးနက်ချောင်း တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုက်နယ်ဆရာဝန်၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးနှင့် (၅)နှစ်အောက်ကလေးသေဆုံးမှုနှုန်း ကျဆင်းရေးအတွက် သားဖွားပညာ ကျွမ်းကျင်သည့်သူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ရာနှုန်းပြည့် မွေးဖွားနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မြို့နယ်၏ ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းတွင် ဌာနဆိုင်ရာများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများပါဝင်မှသာ လုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ငြိမ်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပစ္စည်းထောက်ပံ့ရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်   အောက်တိုဘာ   ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်) သင်တန်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ပစ္စည်းထောက်ပံ့ရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ ပြည်ထောင်စုဝန်ကြီးကိုယ်စား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမဆုရ ဒေါ်ချိုချိုဝင်း၊ ဒုတိယဆုရ ဒေါ်ကြူကြူခိုင်နှင့် တတိယဆုရ ဦးစိုးထွန်းတို့အား ဆုများချီးမြှင့်၍ ပစ္စည်းထောက်ပံ့ရေးဌာန ညွှန်ကြားရေးမှူးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရွှေကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၁၁/၂၀၁၁)နှင့် (၁၂/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော်   အောက်တိုဘာ   ၁၀

ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွှေကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၁၁/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ရွှေကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၁၂/၂၀၁၁)ကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း နေပြည်တော် ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၀

အဆင့်မီ ကျောင်းတစ်ကျောင်းဖြစ်အောင် စာသင်ခန်း၊ စာသင်ဆောင် ပြည့်စုံရေး၊ ရေမိလ္လာစနစ် ကောင်းမွန်ပြည့်စုံရေး၊ သီးပင်စားပင်၊ ပန်းအလှစိုက်ခင်းများ စိုက်ပျိုးရေး၊ အားကစားကွင်း၊ အားကစားရုံ၊ ကျောင်းစာကြည့်တိုက်၊ သိပ္ပံခန်း၊ ခေတ်မီ Multi -Media ခန်းများ ပြည့်စုံရေးတို့အတွက် ကြိုးစားအားထုတ်မှုကောင်းကောင်းဖြင့် အမြဲကြံဆ ဖြည့်ဆည်းနေကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပညာခေတ်အတွင်းတွင် ကြီးပြင်းလာသည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာပေသင်ကြားခွင့်သာမက ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား ကစားခွင့်ရခြင်း၊ ခေတ်မီနည်းပညာများကို နားလည်အသုံးချတတ်ခြင်း၊ သိပ္ပံလက်တွေ့လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ စာပေဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ခြင်းစသည့် ဘက်စုံပညာများကို ဆည်းပူးလေ့ကျင့်ခွင့်များ ရရှိပြီး နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းဖြင့် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ်ပန္နက်တင် မင်္ဂလာအခမ်းအနား၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ပန္နက်တင်ပေးကြသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၅၀၊ အနံ ပေ ၃၀ ရှိ နှစ်ထပ်ကျောင်းဆောင် ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း၏ သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများနှင့် စုန်းချောင်းကျေးရွာကျန်းမာရေးဌာနခွဲ မြန်မာ့အလင်းကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်၌ စာပေလေ့လာ ဖတ်မှတ်နေကြသော ကျေးရွာသူကျေးရွာသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဇနီး ဒေါ်ဝေဝေခိုင် "အေးရိပ်ဝေ" မိသားစုက ဖိုက်ဘာစာရေးခုံ အစုံ ၅၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖိုက်ဘာစာရေးခုံ အစုံ ၅၀ ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အတွက် ကွန်ပျူတာ တစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်စဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၀-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | "အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာနှစ်မည်ရ"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ) |
| ၆:၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၃)** |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၉၅)** |
| ၈:၅၀ | ဒါနရှင်များစုပေါင်းပါဝင်၍ မလွန်ဈေးဆန်လှူအသင်းကြီး၏ ဆွမ်းဆန်တော်အလှူပွဲ |
| ၉:၀၅ | မြို့ဇလွန်ရဲ့ မီးမြင်းမိုရ်ပွဲ ဆင်ကာနဲ့ ပူဇော်လှူဒါန်းပန်းရေချမ်း |
| ၉:၃၅ | Cartoon Show Time (The Hunchback of Notre Dame II) |
| ၁၀:၁၅ | Celebrity Style(Bambino) |
| ၁၀:၄၅ | စောင်းဆရာကြီး အင်းလေး ဦးမြင့်မောင်အား ဂုဏ်ပြုသည့် အနုရသအလင်္ကာ(အပိုင်း-၂) |
| ၁၁:၂၀ | International Show Biz |
| ၁၁:၄၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂:၁၀ | သင်ကြားရေးလမ်းညွှန် (Gusto) |
| ၁၂:၂၅ | ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီးနှစ်တစ်ရာပြည့် အထိမ်းအမှတ် (အပိုင်း-၄) |
| ၁:၀၀ | "အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာနှစ်မည်ရ"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | ရယ်စရာပေးရှင်း (ဇာတ်ဆရာအလိုမကျ) |
| ၂:၅၀ | Chef Demonstration In Ikon Mart |
| ၃:၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၃)** |
| ၄:၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၉၅)** |
| ၄:၅၅ | Activities in The City (သက်မှုးခင်၏ "ကိုကိုအရမ်းအရမ်း" တေးစီးရီးပရိုမိုးရှင်းပွဲ) |
| ၅:၁၅ | The Champion of Dance |
| ၅:၄၀ | Dumex မှ ကြီးမှူးကျင်းပသော ကိုယ်ဝန်ဆောင်ကျန်းမာရေး ဆွေးနွေးပွဲ |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | ဝါဆိုဦးရဲ့ ပန်းမြတ်အလှူ ရွှေတောင်မြို့မှ ဘုရားအဆူဆူ |
| ၆:၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၄)** |
| ၇:၂၅ | Celebrity Choice (Bunny Phyoe) (Part-1) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | အနုပညာမိုးကောင်းကင် |
| ၈:၅၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၉:၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၉၆)** |
| ၁၀:၂၀ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းကသဘာဝတရားတွေ လွှမ်းခြုံထားတဲ့ အိမ်ကလေး) |
| ၁၀:၅၀ | စာအုပ်ပြခန်း (သူရဲသမိန်ဒိုင်ယာရီ) |
| ၁၁:၀၅ | ဘတောဝါနော ဘရိဿတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၁၂:၀၀ | World of Knowledge (My Brilliant Brain Accidental Genius) |
| ၁၂:၅၀ | အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၁) |
| ၁:၃၅ | လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာမြင့်မောင်မောင်) |
| ၁:၅၅ | လှပချစ်စရာလက်မှုအနုပညာ (Sweet Pink) |
| ၂:၂၀ | ရဲယိုနှင့်ကျန်းမာရေး |
| ၂:၃၀ | Box Office Movies (The Curious Case of Benjamin Button) |
| ၃:၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄:၀၀ | လှပစွာချုပ် ဂျုံရိုးဦးထုပ် |
| ၄:၀၅ | ဖွံ့ဖြိုးသာယာကောလင်းမြေမှာ |
| ၄:၂၅ | ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အားပူဇော်ပါ၏ဘုရား |
| ၄:၃၅ | အံ့ဖွယ်ထင်ရှားကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည် |
| ၅:၀၀ | အစီအစဉ်ပြီး။ |

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဝါလလွတ်ကင်းကျွတ်သီတင်း ပွင့်လင်းသာယာပြည်မြန်မာ

ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊
ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး ညီးတဲ့ခါချိန်။
ရှိခိုးငယ်နိမ်၊ သုံးကြိမ်ရိုပြောင်း၊
သက္ကစ္စာဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ နွဲကြပေတောင်း။
(ဖိုးသူတော်ဦးမင်း)

**ပန်းတောင်းသန်းကြွယ်**

သီတင်းကျွတ်လသည် မြန်မာတို့၏ သတ္တမမြောက်လဖြစ်သည်။ မိုးရာသီ ကုန်လုနီးချိန်ဖြစ်သည်။ မိုးလည်းမပီ ဆောင်းမမည်သေးသော ကာလဖြစ်သည်။ အနောက်တောင်မုတ်သုံလေ တစ်ပြည်လုံးမှ ဆုတ်ခွာစပြုချိန်ဖြစ်သည်။ အားနည်းသော မိုးကြွင်းမိုးကျန်များသာရွာလေ့ရှိသည်။ ခြေခင်းလက်ခင်း သာစပြုချိန်၊ ပွင့်လင်းရာသီအကြိုကာလဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအရ သီတင်းကျွတ်လကို တူရာသီဟုခေါ်သည်။ ထိုလတွင် လမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်းနေသော နက္ခတ်မှာ အဿဝဏီနက္ခတ်ဖြစ်သည်။ အနီးကပ်၍ တောက်ပနေသည်မှာ ကြီးတာရာဖြစ်သည်။ နက္ခတ်တာရာ ဆိုသည်မှာ မိုးကောင်းကင်တွင် မြင်တွေ့ကြရသော ကြယ်များပင်ဖြစ်သည်။ ထိုလ၏ ရာသီရုပ်မှာ ချိန်ခွင်ကို ကိုင်စွဲထားသော ကုန်သည်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ကြာပန်းဖြစ်သည်။ ပွဲတော်ကို ဝါကျွတ်ပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ ဆီမီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် သုံးလူ့ထွတ်တင် ဘုရားရှင်သည် သန္တုတိသမယ်တော် မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော စကြဝဠာတိုက်များစွာမှ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံးနေ့ညမစဲ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။

သုံးလူ့ထွတ်ထားမြတ်ဘုရား၏ တရားဓမ္မအသံတော်သည် ပကတိသော စကား၊ အလွန်တင့်တယ်သောစကား ဖြစ်သည်။ မဟာပညာမွန် ဉာဏ်ရည်ချွန်သည့် လူနတ်ဗြဟ္မာတို့ကြိစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော စကားတော်တို့နှင့် ပြည့်စုံတော်မူသည်။ ဝါစာအစိန္တေယျဂုဏ်နှင့် ပြည့်စုံသော ဗုဒ္ဓ၏တရားတော်မြတ်သည် ကြီးမားသော အနှစ်သာရရှိလှသည်။

"ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ"အစရှိသော အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့သော မြတ်ဗုဒ္ဓ၏အသံတော်သည် "ဝိသဋ္ဌမဉ္ဇုဝိညေယျံ" စသော အသံတော်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည်။ အထွေးအရှုပ်လွတ်ကင်းသော အသံတော်ဖြစ်သည်။ နားဝင်ချိုမြိန်နှစ်သက်မဆုံး၊ သာယာမဆုံးနိုင်သောအသံတော်ဖြစ်သည်။ မထင်မရှားမကွဲပြားသော အသံမျိုးမဟုတ်ဘဲ အလွန်သိသာထင်ရှားလှသော အသံတော်ဖြစ်သည်။ ကြားနာရသူ နတ်လူဗြဟ္မာတို့၏ အာရုံမှာ စွဲငြိစေပြီး ပီတိ ပြည့်လျှမ်းစေသော အသံတော် ဖြစ်သည်။ တရားနာသူ ပရိသတ်၏ အပသို့မထွက်ပါဘဲ တည်ရှိနေသော အသံတော် ဖြစ်သည်။ လျှပ်ပေါ်ငုပ်ပျောက်သော အသံမျိုး မဟုတ်ဘဲ မလှုပ်မလဲ အလွန်နက်နဲသော အသံတော်ဖြစ်သည်။ မပြိုမကွဲ တစ်ခဲနက် ပေါ်လွင်တည်တံ့နေသော အသံတော်ဖြစ်သည်။ ပဲ့တင်သံကဲ့သို့ တစ်ပိုဒ်နှင့် တစ်ပိုဒ် အကြားမရှိ ဆက်စပ်သော အသံတော်ဖြစ်သည်။

လူ့ပြည်မှ အချိန်ကာလနှစ် ၁၀၀ သည် တာဝတိံသာနတ်ပြည်မှ အချိန်ကာလ တစ်ရက်နှင့် ညီမျှသည်။ မြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသော ဝါတွင်းကာလ သုံးလဟူသည် နတ်ဗြဟ္မာများအတွက် အနည်းငယ်သော အချိန်မျှသာဖြစ်သည်။ လူသားစင်စစ်မှ ဘုရားဖြစ်လာသော မြတ်ဗုဒ္ဓ အနေဖြင့်မူ လူ့ပြည်၏ သဘာဝအတိုင်း သုံးလမျှကြာမြင့်သည့် ကာလပင်ဖြစ်သည်။ ကိုယ်လက်သန့်စင်ခြင်း၊ ရေချိုးခြင်း၊ ဆွမ်းဘုဉ်းပေးခြင်း စသည်တို့ကို ပြုလုပ်ရသည်။ ဘုရားရှင်သည် မိမိနှင့် ထပ်တူထပ်မျှတူညီသော ကိုယ်ပွားနိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်း၍ ဤမျှအတိုင်း အတာရှိသော တရားတော်ကို ငါ၏ ကိုယ်စားဟောကြားရစ်စေသားဟု အဓိဋ္ဌာန်ပြုတော်မူသည်။

သုံးလူ့ထွတ်တင် မုနိရှင်သည် အနောတတ်ရေအိုင်သို့ ဆင်းသက်၍ ကိုယ်လက်သန့်စင်ခြင်း၊ ရေချိုးခြင်းပြုသည်။ မြောက်ကျွန်းသို့ ဆွမ်းခံထွက်၍ အနောတတ် ရေအိုင်ဆိပ်ကမ်းသာတွင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ထိုမှ စန္ဒကူးနံ့သာတောသို့ ကြွရောက်တော်မူ၍ ဟောကြားတော်မူပြီးသော အဘိဓမ္မာတရားတော်များကို အကျဉ်းချုပ်၍ ရှင်သာရိပုတ္တရာအားဟောတော်မူသည်။ ထိုတရားတော်များကိုပင် ရှင်သာရိပုတ္တရာမထေရ်မြတ်က မိမိ၏ တပည့်ရဟန်း ၅၀၀ကို မကျဉ်းမကျယ်ပြန်လည်ဟောကြားခဲ့သည်။

အဘိဓမ္မာတရားတော် ဟောကြားခြင်းသည် ထိုနှစ်သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းသို့ ရောက်ရှိသည်။ ထိုအခါ သိကြားမင်းက စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပေးသည်။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့၏အဖျားသည် မြင်းမိုရ်တောင်ထိပ်တွင် တည်ရှိ၍ အခြေသည် လူ့ပြည်ရှိ သင်္ကဿမြို့တံခါး၌ တည်ရှိသည်။ မြတ်စွာဘုရားရှင်သည် မြင်းမိုရ်တောင်ထိပ်တွင် ရပ်တည်တော်မူ၍ ရေ၊ မီး အစုံစုံသော တန်ခိုးပြာဋိဟာများကို ပြတော်မူသည်။ ထို့နောက် အညိုရောင်၊ ရွှေရောင်၊ အနီရောင်၊ အဖြူရောင်၊ မောင်းသော အရောင်၊ ပြိုးပြိုးပြက်ပြက်တစ်ခဲနက်သော အရောင်များလွှတ်၍ ရောင်ခြည်တော် ခြောက်သွယ်ကို ကွန့်မြူးတော်မူသည်။

ဘုရားရှင်သည် အလယ်ပတ္တမြားစောင်းတန်းမှ လူ့ပြည်သို့ ဆင်းသက်လာရာ လက်ယာဘက်ရှိ ရွှေစောင်းတန်းမှ နတ်များကလည်းကောင်း၊ လက်ဝဲဘက်ရှိ ငွေစောင်းတန်းမှ ဗြဟ္မာကြီးများကလည်းကောင်းခြံရံ၍လိုက်ပါလာကြသည်။

မြန်မာစာပေနှင့် ယဉ်ကျေးမှု အထောက်အထားများအရ ရှေးခေတ်များကပင် သီတင်းကျွတ် မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။ ရှေးမင်းအဆက်ဆက်သည် ပြည်သူတို့နှင့်အတူ မီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲကို ဆင်နွှဲခဲ့ကြသည်။ ခြေခင်းလက်ခင်းသာယာသော အချိန်၊ သာတောင့်သာယာရှိသော ပွင့်လင်းရာသီ စတင်တော့မည့်အချိန်၊ လယ်သမားများ ထွန်တုံးပိတ်ပြီးဖြစ်၍ ခေတ္တအနားရသော သက်သောင့်သက်သာရှိချိန်တို့နှင့် တိုက်ဆိုင်သဖြင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားလှသော မြန်မာ့ယဉ်ကျေးမှု ပွဲတော်တစ်ရပ်ပင်ဖြစ်သည်။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာခြင်းကို ပူဇော်သောအားဖြင့် သက်သနဂိုရ်၊ သာဝတ္ထိ၊ ဝေသာလီ၊ ရာဇဂြိုဟ်၊ ဗာရာဏသီစသည့် ပြည်သူပြည်သားများက မီးရှူးမီးပန်းများ၊ ဆီမီးများ ထွန်းညှိ၍ လည်းကောင်း၊ ပန်း၊ ရေချမ်းများ ကပ်လှူ၍ လည်းကောင်း ပူဇော်ခြင်းကိုအတုယူ၍ မြန်မာတို့က သီတင်းကျွတ်မီးထွန်းပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ် ကျင်းပခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာတရားတော်ဟောပြောခြင်း ပြီးမြောက်သည့်နေ့ဖြစ်၍ မြန်မာတို့က သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာ အခါတော်နေ့" အဖြစ် သတ်မှတ်ကာ သီတင်းသီလတည်ဆောက်ခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ တရားတော်များ နာကြားခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်းများကို ပြုကြသည်။

နတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ပူဇော်သည့်အနေဖြင့် မီးပုံးပျံများ လွှတ်တင်ကြသည်။ စေတီပုထိုး၊ ကျောင်းကန်ဇရပ်များသာမက လူနေအိမ်များ၊ စပါးကျီ၊ မောင်းဆုံ၊ ဈေးဆိုင်စသည့် လူ့အကျိုးပြု ပစ္စည်းပစ္စယများတွင်ပါ ဆီမီးထွန်းညှိကြသည်။ မုန့်ဖက်ထုပ်၊ မုန့်လက်ကောက်၊ မုန့်ဆီကြော်စသည့် မြန်မာမုန့်များပြုလုပ်၍ ကျွေးမွေးကြသည်။ လူငယ်လူရွယ်တို့က မိဘ၊ ဘိုးဘွား၊ ရပ်မိရပ်ဖ သက်ကြီးရွယ်အိုများကို စားသောက်ဖွယ်ရာများ၊ အဝတ်အထည်၊ လူ့အသုံးအဆောင်ပစ္စည်းပစ္စယများဖြင့် ပူဇော်ကန်တော့ကြသည်။ လူကြီးမိဘ၊ ဆရာသမားအကန်တော့ခံများက သာကြောင်းမာကြောင်း၊ တိုးတက်ဖွံ့ဖြိုးစေကြောင်း၊ ကောင်းကျိုးလိုရာဆန္ဒနှင့် ပြည့်စုံစေကြောင်း ဆုမွန်ကောင်းများ တောင်းပေးကြသည်။ ဆုံးမဩဝါဒများပေးကြသည်။

ဗုဒ္ဓသာသနာ့ဘောင်ရှိ ရဟန်းငယ်များကလည်း ရဟန်းကြီး၊ ဆရာတော်ကြီးများကို ရှိခိုးကန်တော့ကြသည်။ မိမိတို့တွင် အပြစ်ကြီးငယ်ရှိပါကလည်း ခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကြသည်။

ကျောင်းတိုက်တစ်ခု၌ ဝါကပ်သော သံဃာ သို့မဟုတ် ပဝါရဏာဂိုဏ်းဖွဲ့ထားသော နီးစပ်ရာကျောင်းတိုက်မှ သံဃာများသည် သိမ်တစ်ခုတွင် အညီအညွတ်စုရုံးပြီး မထေရ်ကြီးမှစ၍ အငယ်ဆုံးရဟန်းအထိ တစ်ပါးချင်းစီ ပဝါရဏာပါဠိကို ရွတ်ဆိုကာ ပဝါရဏာပြုကြရသည်။

"သံဃာတော် အရှင်မြတ်တို့ဘုရား၊ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်း သုံးမျိုးတို့ဖြင့် တပည့်တော်၏ အပြစ်တစ်စုံတစ်ရာကို ထောက်ပြပြောဆိုဖို့ ဖိတ်မံပါသည်ဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုဆုံးမကြပါဘုရား၊ တပည့်တော်မှာ အပြစ်ရှိခဲ့လျှင် ကုစားပါမည်၊ ပြုပြင်ပါမည်ဘုရား" ဟု အဓိပ္ပာယ်သက်ရောက်သော ပါဠိကိုရွတ်ဆိုကာ ပဝါရဏာပြုကြရသည်။

ဘုရားရှင် လက်ထက်တော်က ကောသလဇနပုဒ်၌ သီတင်းသုံးတော်မူကြသော ရဟန်းတော်တို့သည် ဝါတွင်းသုံးလပတ်လုံး အချင်းချင်းစကားမပြောကြဘဲ ဝစီပိတ်ကျင့်ကြသည်။ သီတင်းဝါလကျွတ်၍ ဘုရားရှင်ကို သွားရောက်ပူဇော်ကြသောအခါ ဘုရားရှင်က ဝါတွင်းသုံးလ နေထိုင်ကျင့်ကြံပုံကို မေးမြန်းတော်မူသည်။ ရဟန်းတော်တို့က ဝစီပိတ်ကျင့်ကြကြောင်း ဂုဏ်ယူ၍ လျှောက်ထားသောအခါ ဘုရားရှင်က အပြင်းအထန် ကဲ့ရဲ့ရှုတ်ချ ကန့်ကွက်တော်မူသည်။ တိရစ္ဆာန်အကျင့်ဖြစ်ကြောင်း၊ တိတ္ထိအကျင့်ဖြစ်ကြောင်း ပစ်ပစ်ခါခါ နှိမ့်ချပြောဆိုတော်မူသည်။

သံဃာကို ဘုရားက အလွန်အားထားသည်။ အလွန်အားကိုးသည်။ ထို့ကြောင့် ဘုရားရှင်က သံဃာထုအတွင်း စည်းလုံးညီညွတ်ရေး၊ ယုံကြည်မှု တည်ဆောက်နိုင်ရေးကို ရှေးရှု၍ ဝါကျွတ်လျှင် ပဝါရဏာပြုကြရန် မိန့်ဆိုပညတ်တော်မူခြင်းဖြစ်သည်။

"ရဟန်းတို့-- သင်တို့သည် ဝါဆိုပြီးမြောက် ဝါကျွတ်သို့ရောက်လျှင် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်း သုံးမျိုးနှင့် အပြစ်ကို ထောက်ပြဆုံးမနိုင်ကြောင်း၊ အချင်းချင်း ဖိတ်မံပြီး ပဝါရဏာပြုကြရမည်။ ထိုသို့ ပြုကြသဖြင့် ညီညွတ်မှုရလိမ့်မည်။ အပြစ်ကင်းစင်လိမ့်မည်။ ကိုယ်ကျင့်တရားကို ဦးထားရာရောက်လိမ့်မည်"ဟု မိန့်မြွက်တော်မူလေသည်။

ဝါလကင်းလွတ် သီတင်းကျွတ်သည်ကား မြန်မာတို့၏ ယဉ်ကျေးမှုတွင် အထင်ကရဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော် မီးထွန်းပွဲကြီးဖြစ်သည်။ ပဝါရဏာပွဲ၊ ပူဇော်ကန်တော့ပွဲများဖြင့် စည်ကားလှသော အချိန်လည်းဖြစ်သည်။ ခြေခင်းလက်ခင်းသာစပြုသည့် ပွင့်လင်းရာသီ စတင်တော့မည့် ကာလ၊ တစ်မျှော်တစ်ခေါ်စိမ်းစိုသည့် မြသားကမ္ဗလာ ကောက်ပင်တို့ သန်စွမ်းလျက်ရှိသည်ကို ကြည့်ရှုလျက် တောင်သူလယ်သမားတို့ ပျော်မဆုံးဖြစ်နေချိန်၊ အားရဝမ်းသာ ပီတိဖြာနေသည့် အချိန်လည်း ဖြစ်ပေရာ သီတင်းကျွတ်ပွဲတော်ကာလသည် အဘက်ဘက်က မင်္ဂလာအပေါင်းနှင့် ခညောင်းလျက်ရှိသော မြန်မာတို့၏ ရိုးရာပွဲတော်အချိန်သမယပင်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။



## သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ကာတွန်းပြပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ပထမအကြိမ် ကာတွန်းပြပွဲကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် လမ်း (၅၀) အထက်၌ အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ် ကာတွန်းပြပွဲတွင် နာမည်ကျော် ကာတွန်းဆရာများ၏ ကာတွန်းလက်ရာများကို ဗီနိုင်း (၃ ပေ ၂ ပေ) ပြကွက်များဖြင့် ပြသထားပြီး လက်ရာစုံ ကာတွန်း ၂၀၀ ကျော် ပြသသွားမည်ဟု တာဝန်ရှိသူက ရှင်းပြသည်။

ကာတွန်းပြပွဲအပြင် အမှတ်(၇) ရပ်ကွက်၊ အမှတ်(၈) ရပ်ကွက်၊ အမှတ်(၉) ရပ်ကွက် ရေကျော်နှင့် အမှတ် (၁၀) ရပ်ကွက်တို့တွင် သီချင်းအဆိုပြိုင်ပွဲ၊ စတိတ်ရှိုးစင်၊ ရုပ်ရှင်ဇာတ်ကားများ၊ ကလေးအဆိုပြိုင်ပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အမှတ်(၁၀) ရပ်ကွက်တွင် မီးအလှဆင် အကောင်းဆုံးဆိုင် သုံးဆိုင်နှင့် အိမ် ၁၀ အိမ်တို့ကိုလည်း ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပစဉ်အတွင်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက်ကိုလည်း ပွဲတော်ကျင်းပရေးကော်မတီက အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လောင်းကစားမှုများကို အထူးတားမြစ်ထားကြောင်း သိရသည်။ (ဉမ္မာသန့်-သတင်းစဉ်)

# အလယ်တန်းနှင့် အထက်တန်းကျောင်းတက်ရောက်နှုန်းမြင့်မားရေး ဆက်လက်ဆောင်ရွက်

## နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းသို့ တက်လှမ်းနိုင်အောင် ကြိုးပမ်း

### အမှာစကားပြောကြား

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၇) ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





နေပြည်တော် အောက်တိုဘာ ၁၀

**အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားရာ၌ ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေး အင်အားဖြစ်သောအင်အား (၃)ရပ် တောင့်တင်းခိုင်မာအောင် တည်ဆောက်သွားကြရမည် ဖြစ်ကြောင်း၊ အင်အား (၃)ရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားများ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်ကြောင်း၊ ခေတ်မီသည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်သော လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် များစွာလိုအပ်မည်ဖြစ်ကြောင်း၊ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်နှုန်းမြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းသို့ တက်လှမ်းနိုင်အောင်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍပညာရေး ဝန်ဆောင်မှုများကို သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဖော်ဆောင်နိုင်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာတော်သင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍနှစ်(၃၀) နှစ်ရှည်စီမံကိန်းရေးဆွဲချမှတ်ပြီး (၅)နှစ်နှစ်တိုစီမံကိန်း(၆)ခုဖြင့် စီမံကိန်းလုပ်ငန်းစဉ် (၁၀)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ် (၁၀)ရပ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို ဆရာ၊ ဆရာမများအားလုံးက တိတိကျကျ လိုက်နာ ဆောင်ရွက်သွားကြရမည်ကိုလည်း ထပ်လောင်းမှာကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူတိုင်းအတွက် ပညာရေးရည်မှန်းချက် (၆)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်(၆)ရပ်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ၏ ရည်မှန်းချက် အမှတ်(၂)ဖြစ်သော အများးစုမူလတန်းပညာရေး ရရှိရေးတို့ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပလာခဲ့သော ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်များနှင့်အညီ စီးပွားရေး၊ လူမှုရေး၊ အသိပညာ အတတ်ပညာပြန့်လည်ထူထောင်နိုင်ရေး စွမ်းဆောင်မှုပြုရာတွင်လည်း ဆရာများက အစပြုပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကာယဖွံ့ဖြိုးမှု ကာယအလှ၊ ဉာဏဖွံ့ဖြိုးမှု ဉာဏအလှ၊ စာရိတ္တဖွံ့ဖြိုးမှု စာရိတ္တအလှ၊ ရသဖွံ့ဖြိုးမှု ရသအလှ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှု အသက်မွေးဝမ်းကျောင်းအလှတည်းဟူသော ဘက်စုံဖွံ့ဖြိုးမှု ဘက်စုံအလှတို့နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ် ကြရမည်ဖြစ်ကြောင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာ၊ ဝါသနာ၊ စာနာ၊ အနစ်နာတည်းဟူသော နာ(၇)နာသည် ဆရာကောင်းတို့၏ အခြေခံကောင်းများ၊ ဆရာ့ဂုဏ်အင်လက္ခဏာကောင်းများဖြစ်ကြောင်း၊ ဆရာ့ဂုဏ်အင်လက္ခဏာကောင်းတို့နှင့် ကုံလုံပြည့်စုံနေသမျှကာလပတ်လုံး ပညာဖြင့် အလှဆင်ပေးသူ ဆရာကောင်း၊ ဆရာမြတ်ဖြစ်နေကြမည်မှာ မလွဲကေန် အမှန်ပင်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်၏ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံပြီး စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၇)သို့ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမ ၁၅၀၃ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။** (သတင်းစဉ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ တာဝန်ခံကျောင်းအုပ်နှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံကာ နယ်စပ်ဒေသများတွင် ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း မြင့်မားလာစေရန်၊ သင်တန်းသား၊ သင်တန်းသူများအား ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ယဉ်ကျေးလိမ္မာသူများဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်နှင့် သရက်၊ လိုင်ချီးစသည့် နှစ်ရှည်ပင်များမှ ဝင်ငွေရရှိရေး တိုးချဲ့စိုက်ပျိုးထားရန် မှာကြားသည်။ ထို့နောက် သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ကာ သင်တန်းကျောင်း ဓမ္မာရုံ၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်နေမှုကိုလည်းကောင်း၊ သင်တန်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမ၌ သင်တန်းကျောင်း အုပ်နှင့် ဝန်ထမ်းများ၊ သင်တန်းသူများအား တွေ့ဆုံကာ သင်တန်းသူလေးများအနေဖြင့် အိမ်တွင်းမှုသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်အောင် သင်ယူပြီး မိမိကိုယ်မိမိ ယုံကြည်အားကိုးစွာဖြင့် ဘဝရပ်တည်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ အိမ်တွင်းမှု ကုန်ထုတ်သမလုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရေး မျှော်မှန်းဆောင်ရွက်ကြရန် မှာကြား၍ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်/ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးသို့ သွားရောက်ပြီး ပြည်နယ်/ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး (ကျိုင်းတုံ)မှ ဝန်ထမ်းများ၊ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကားတင်သွင်းခွင့် အထူးပါမစ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်အစိုးရက ပြည်သူများ၏ အကျိုးအတွက် လက်ရှိအသုံးပြုနေသည့် သက်တမ်းကြာမြင့်နေသော ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များကို အစားထိုးလဲလှယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးမည့် အစီအစဉ်များကို စက်တင်ဘာ ၁၁ ရက်တွင် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ကြေညာအသိပေးခဲ့ပြီး စက်တင်ဘာ ၁၉ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်ဟောင်းအပ်နှံပြီး ကားတင်သွင်းခွင့်အတွက် အထူးပါမစ်ထုတ်ပေးမှုနှင့် ပတ်သက်၍ ယခုအခါပြင်ပစီးပွားရေးလောကတွင် သတင်းအမျိုးမျိုး ထွက်ပေါ်လျက်ရှိသည်။ ကားဈေးကွက်ကို ထိန်းချုပ်လိုသော စီးပွားရေးသမား၊ ဝိသမလောဘသားများက သတင်းအမှားများ လုပ်ကြံဖန်တီးခြင်း၊ မဟုတ်မမှန်သော စာရွက်စာတမ်းအတုများဖြင့် ပြည်သူများအား လိမ်လည်လှည့်ဖြားခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

သို့ဖြစ်၍ ယာဉ်အိုယာဉ်ဟောင်းများအပ်နှံခြင်း၊ ကားတင်သွင်းခွင့်အတွက် အထူးပါမစ်ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၈၀၀၂၊ ဖက်စ်- ၀၆၇-၄၀၈၀၀၄၊ ဒုတိယရုံးအဖွဲ့မှူး ဖုန်း- ၀၆၇-၄၀၈၂၁၆၊ ညွှန်ကြားရေးမှူး(မူဝါဒ)ဖုန်း-၀၆၇-၄၀၈၂၃၂၊ ညွှန်ကြားရေးမှူး (OSS အဖွဲ့) ဖုန်း -၀၆၇-၄၀၈၃၁၆၊ ၀၉-၈၃၀၀၃၂၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မှတ်သားဖမ်းဆီးထားသော စည်းကမ်းဖောက်ယာဉ်များ နှစ်ပတ်အတွင်း ဒဏ်ငွေပေးဆောင်ရမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ယာဉ်စည်းကမ်းဖောက်ဖျက် မောင်းနှင်နေသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စည်းကမ်းဖောက်ဖျက်မှုကြောင့် မှတ်သားဖမ်းဆီးခံထားရသော မော်တော်ယာဉ်များအတွက် နှစ်ပတ်အတွင်း ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။ စည်းကမ်းဖောက်မောင်းနှင်နေသော ယာဉ်များကို မှတ်သားဖမ်းဆီး အရေးယူလျက်ရှိရာတွင် နှစ်ပတ်အတွင်း ဒဏ်ငွေပေးဆောင်ရမည်ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ပို့ဆောင်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားခဲ့သည်။ ခရီးသည်တင်ယာဉ်များကိုလည်း သက်ဆိုင်ရာ ယာဉ်လိုင်းအလိုက် ကြပ်မတ်ဆောင်ရွက်စေခဲ့ပြီး အချက်ပြမီးပွိုင့်များမှ မှတ်သားဖမ်းဆီးစနစ်ဖြင့် ဖမ်းဆီးကာ အိမ်တိုင်ရာရောက် အကြောင်းကြားသည့် စနစ်ကိုလည်း ကျင့်သုံးလျက်ရှိသည်။ ယင်းသို့ မှတ်သားဖမ်းဆီးအရေးယူခံထားရသည့် ယာဉ်များအနေဖြင့် နှစ်ပတ်အတွင်း ဒဏ်ငွေပေးဆောင်ရန်နှင့် ဒဏ်ငွေမပေးဆောင်သော ယာဉ်များ လိုင်းပြေးဆွဲခွင့်မပြုရန် ယာဉ်ထိန်းတပ်ဖွဲ့၊ မထသ(ဗဟို)ကို ကြပ်မတ်ဆောင်ရွက်စေလျက်ရှိသည်။

မှတ်သားဖမ်းဆီး၍ အိမ်တိုင်ရာရောက် အသိပေးအကြောင်းကြားခဲ့သော်လည်း နှစ်ပတ်ထက်ကျော်လွန်ကာ ဒဏ်ငွေ ပေးဆောင်ခြင်းမပြုပါက ခရီးသည်တင်ယာဉ်များကို သတ်မှတ်ရက်အလိုက် ဒဏ်ငွေတပ်ရိုက်သွားမည့် အစီအစဉ်ကိုလည်း ရေးဆွဲစီစဉ်နေသည်ဟု သိရသည်။ ယင်းအပြင် အခြားသော ယာဉ်များအနေဖြင့်လည်း စည်းကမ်းဖောက်ဖျက်ပြီး ရဲမှုရင်မဆိုင်ပါက တစ်လကျော်လျှင် ဥပဒေအတိုင်း အရေးယူသွားမည်ဟု သိရသည်။ (၀၀၁)

# ခရီးသွားပြည်သူ ကားမှတ်တိုင်နှင့် မော်တော်ယာဉ်လိုင်းများ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့၏ ရုံးတက်ရုံးဆင်းချိန်များတွင် ဘတ်စ်ကားနှင့်ခရီးသည် မမျှတမှုကြောင့် တွေ့မြင်နေရသည့် မြင်ကွင်းများမှာ အန္တရာယ်များလှသည်။ ခရီးသွားများကလည်း မိမိလိုရာ ရောက်လိုသဖြင့် မှတ်တိုင်တွင် ဣန္ဒြေရရ မနေနိုင်ဘဲ ပြေးကာလွှားကာ စီးကြရသည်။ ဘတ်စ်ကားအချို့ကလည်း သတ်မှတ်မှတ်တိုင်တွင် မရပ်ဘဲ ခရီးသည်များသော နေရာတွင်ရပ်၍ အတင်အချ လုပ်နေကြသည်။ ဘတ်စ်ကားနှင့်ခရီးသွား မမျှတမှုကြောင့် ခရီးသွားပြည်သူများနှင့် ခရီးသည်တင်ယာဉ်မောင်းများ စည်းကမ်းဖောက်ဖျက်သလို ဖြစ်နေသဖြင့် နှစ်ဦးနှစ်ဖက်စည်းကမ်းလိုက်နာသင့်ပေသည်။

မီးပွိုင့်နှင့် ကားရှုပ်ထွေးကာ အန္တရာယ်များလှသည့် မှတ်တိုင်အချို့မှာ ဆူးလေမှတ်တိုင်၊ လသာလမ်းမှတ်တိုင်၊ ကမ္ဘာအေးစေတီရှေ့မှတ်တိုင်၊ လှည်းတန်းလမ်းမှတ်တိုင်များ၊ မြေနီကုန်းမှတ်တိုင်များ၊ မင်္ဂလာဈေးမှတ်တိုင်၊ ယုဇနပလာဇာမှတ်တိုင်၊ ကန်တော်လေးစာတိုက်မှတ်တိုင်နှင့် အခြားလမ်းဆုံလမ်းခွ မှတ်တိုင်များဖြစ်ကြောင်း သိရှိရသည်။ (ကိုကြီးသာ)

| ဆိုင် ကယ် စီး လျှင် နှစ် ဦး ထက် ပို မ စီး ရ | မောင်း လျှင် မ မူး နှင့်၊ မူး လျှင် မ မောင်း နှင့် |
|---|---|

# ဒေသတွင်းစိန်ခေါ်မှုများ ရင်ဆိုင်လျက် စီးပွားရေးတိုးတက်အောင်ဆောင်ရွက် အမည်ခံကော်မတီများဖြင့် နိုင်ငံ၏ရည်မှန်းချက်များ မအောင်မြင်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၄/၂၀၁၁) ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်၍အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို တစ်ဖက်မှ အရှိန်အဟုန်မြင့်ကြိုးပမ်းနေသကဲ့သို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းရန် အထူးအရေးကြီးကြောင်း၊ မကြာမီ ဒေသအတွင်းစိန်ခေါ်မှုများကို ရင်ဆိုင်လျက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရန် အချိန်ကျရောက်နေကြောင်း၊ ဆပ်ကော်မတီအသီးသီး အနေဖြင့် လုပ်ငန်းများရှင်သန်တိုးတက်စေရန် ဆောင်ရွက်စေလိုကြောင်း၊ အသက်မဝင်သော အမည်ခံ ကော်မတီများ၊ ဆပ်ကော်မတီများဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ မတိုးတက်မအောင်မြင်နိုင်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စက်မှုလုပ်ငန်းတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ လယ်ယာသုံးပစ္စည်း ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ စားသောက်ကုန်၊ ဆေးဝါး၊ အထည်အလိပ်၊ ဓာတုဗေဒနှင့် လူသုံးကုန်ပစ္စည်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ နေထိုင်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်း ဖွံ့ဖြိုးမှုဆပ်ကော်မတီ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးမှု ဆပ်ကော်မတီ၊ သံနှင့်သံမဏိလုပ်ငန်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ ရော်ဘာနှင့် ရော်ဘာပစ္စည်းဖွံ့ဖြိုးရေး ဆပ်ကော်မတီ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေး ဆပ်ကော်မတီ၊ စွန့်ပစ်ပစ္စည်း/သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် မြှင့်တင်ရေး ဆပ်ကော်မတီနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များအပေါ် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် ဆောင်ရွက်လျက်ရှိသော အစိုးရပိုင်စက်မှုလုပ်ငန်းကြီးများ၊ ပုဂ္ဂလိက၊ ဖက်စပ်၊ ကော်ပိုရေးရှင်းပိုင် စက်မှုလုပ်ငန်းကြီးများအားလုံး ပေါင်းစပ်ညှိနှိုင်းပြီး Integrated လုပ်ကြရန် လိုအပ်ကြောင်း၊ လက်ရှိစက်မှုဇုန်များ၏ အဆင့်အတန်းကိုလည်း တိုးမြှင့်ပေးရန်နှင့် အသစ်ဆောင်ရွက်မည့် စက်မှုဇုန်များကို အမြန်အကောင်အထည်ဖော်ကြရန် ဖြစ်ကြောင်း၊ အရင်းအနှီး၊ နည်းပညာ၊ အခွန်အကောက်၊ ဈေးကွက်စသည့် အကြောင်းအရာများကို တစ်စတစ်စ တိုးတက်ဖြေရှင်းပေးလျက်ရှိသကဲ့သို့ အာဆီယံဒေသဆိုင်ရာ ထုတ်ပြန်ကျင့်သုံးနေသည့် အခွန်စနစ်များကိုလည်း ကျော်လွှားရ၍မရကြောင်း၊ SMI များကိုလည်း ပို၍တိုးချဲ့အားပေးရန် ဖြစ်ကြောင်း၊ အထူးသဖြင့် Foodsutuff Industries များ၏ အလားအလာကို မေ့မထားသင့်ကြောင်း၊ အနာဂတ်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ပူးပေါင်းကြံဆ အားထုတ်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**☆ ရွှေဖုံးမှ**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့မှ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ ဦး၊ အထူးဒေသ(၄)မှ ဦးစံပေ့ ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ကြကြောင်းနှင့် ဆွေးနွေးမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်ဦးနှစ်ဖက် လက်ဆောင်များ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❍ ပညာရှင်ဝန်ထမ်းများမှ**

တိုးပွားရေးအတွက် အစွမ်းကုန်ကူညီပေးနိုင်ရန် အသင့်ရှိနေပါကြောင်း။

**ကူညီပူးပေါင်း**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ တစ်သွေးတည်း တစ်သားတည်း တစ်ထပ်တည်း ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပညာရှင်ဝန်ထမ်းများအနေဖြင့်လည်း လယ်သမားများနှင့် မကင်းကွာရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာရပ်များ ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိအသုံးချနိုင်စေရန် ဝန်ထမ်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် အမှန်တကယ်ဆောင်ရွက်လိုသည့် ထက်သန်သော ဆန္ဒရှိရန်နှင့် ကိုယ်တိုင်ကိုယ်ကျ အားထုတ်ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးမှာ အဓိကအရေးကြီးသော အချက်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများ အောင်မြင်စေရေးအတွက် အခြေခံလိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက တောင်သူလယ်သမားများအား ကူညီပူးပေါင်း၍ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

**ဆည်ရေသိုလှောင်**

နေပြည်တော်တွင် ဆည်ကြီး ဆည်ငယ်ပေါင်း ၂၈ ခုရှိပြီး ယခုနှစ်တွင် ယခင်နှစ်ကထက် မိုးပိုမိုရွာသွန်းခဲ့သဖြင့် ဆည်ရေကို နှစ်ဆခွဲခန့် ပိုမိုထိန်းသိမ်းသိုလှောင်ထားနိုင်ခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၏ နွေစပါးလျာထားချက် ၂၈၄၁၅ ဧကနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်သို့ ကူးပြောင်းဆောင်ရွက်မည့် ဧက ၁၂၀၀၀ ကို ဆည်ရေ အလုံအလောက်ပေးနိုင်ကြောင်း၊ ဆည်ရေသောက်စနစ်များ အချိန်မီ ခိုင်ခံ့ကောင်းမွန်ရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိနေပြီ ဖြစ်ကြောင်း သိရှိရသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တောင်သူပညာပေး ခေတ်မီစံပြ စက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်းအတွင်း သိပ္ပံနည်းကျပျိုးထောင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံပျိုးပင်ပေါက်များ၊ မှန်လုံအိမ် (Glass House) တွင် စတင်ပျိုးထောင်နေသော စားဖိုဆောင်သီးနှံ ပျိုးပင်များကိုလည်းကောင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပေါင်စနစ်ပျိုးထောင်ထားရှိမှု၊ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီး အခင်းမှ စိမ်းစိုသန်စွမ်းသော ပင်ပွားများ ထွက်ရှိနေမှုများကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

**မိုးစပါးစိုက်ခင်း**

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ တောင်သူပညာပေး မိုးစပါးစိုက်ခင်း ၁၀ ဧက၌ သက်တမ်းရက် ၇၀ ရှိ စိုက်ခင်းမှ အောင်နှံများ ဖြစ်ထွန်းနေမှု၊ ချိုင်းကျေးရွာရှိ ခေတ်မီစက်မှုလယ်ယာ ဟက်တာ ၂၀ စိုက်ကွင်း၌ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးထားရှိသော စိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှု၊ ပစ်တိုင်းထောင်စိုက်စနစ်ခေါ် ပျိုးဘန်းများအတွင်းမှ ပင်ပွားတစ်မြုံတည်းစိုက်စနစ်ဖြင့် စိုက်ပျိုးနေမှုနှင့် ချိုင်းကျေးရွာရှိ တောင်သူပညာပေး မိုးစပါး ဧက ၄၀ စိုက်ကွင်း၌ သက်တမ်း ၉၀ ရက်သားရှိ အလံရွက်များ စိမ်းစိုညီညာနေပြီး အောင်နှံများ စုံညီစွာ ထွက်ရှိနေသော မိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❖ ကျောဖုံးမှ**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ အောက်တိုဘာ ၉ ရက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စောအယ်ထူးနှင့် စောအဲ့စေ့တို့ ဦးစီးအင်အား (၁၅) ဦးသည် ပွိုင့် ၄၅ ပစ္စတို (၅)လက်၊ ပွိုင့် ၃၈ စပါယ်ရှယ်ခြောက်လုံးပြူး (၁)လက်၊ ပွိုင့် ၃၀ ကာဘိုင် (၁)လက်၊ ခွင်းဗုံးပစ် ရိုင်ဖယ်သေနတ် (၁)လက်၊ RPG -2 သေနတ်(၁)လက်၊ (၉)လုံးကျည်ဖြင့်ပစ်ရသော ပြောင်းရှည်သေနတ် (၁)လက်၊ RPG ဗုံးသီး (၁၁) လုံး၊ လက်ပစ်ဗုံး (၁၀) လုံး၊ ကားမိုင်း (၂)လုံး၊ ယမ်းပျော့ (၂)ထုပ်၊ ကျည်မျိုးစုံ (၂၇၄) တောင့်၊ ကျည်အိမ်မျိုးစုံ (၈)ခုတို့ဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသူ (၁၅) ဦးအား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် လက်နက်အပ်နှံသည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စောအယ်ထူးက ရှင်းလင်းတင်ပြရာတွင် ယခင်က ၎င်းတို့အဖွဲ့သည် မိသားစုနှင့်တကွဲတပြားစီ နေထိုင်ကြရပြီး ဘဝအာမခံချက် တစ်စုံတစ်ရာ မရှိကြောင်း၊ နိုင်ငံတော်က နယ်ခြားစောင့်တပ်ဖွဲ့စည်းပြီး တပ်မတော်နှင့်အတူ လက်တွဲရန် ကမ်းလှမ်းခဲ့သည့် အချိန်တွင်လည်း KNU/KNLA ငြိမ်းချမ်းရေး ကောင်စီခေါင်းဆောင်များအနေဖြင့် နယ်ခြားစောင့်တပ်ဖွဲ့စည်းခြင်းမပြုဘဲ အခြေစိုက်စခန်းများတွင်သာ နေထိုင်ခဲ့ကြောင်း၊ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ခြင်းမရှိဘဲ အမြဲစိုးရိမ်ပူပန်နေခဲ့ရကြောင်း၊ ယခုအခါ ၎င်းတို့အဖွဲ့ဝင်အားလုံး နီးစပ်ရာအဖွဲ့များအလိုက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ကျန်ရှိနေသော လက်နက်ခဲယမ်းများအား စုစည်းကာ နိုင်ငံတော်အစိုးရထံ လက်နက်အပ်နှံဝင်ရောက်ရန်စီစဉ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် မနေထိုင်လိုတော့ဘဲ မိမိတို့မိသားစုဘဝလုံခြုံစိတ်ချစွာ၊ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် မိမိတို့သဘောဆန္ဒအလျောက် နိုင်ငံတော်အစိုးရ၏ အရိပ်ကိုခိုလှုံရန် လာခဲ့ခြင်းဖြစ်သည့်အတွက် တာဝန်ရှိသူများက အစစအရာရာ ဝိုင်းဝန်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားပြီး ပါရှိလာသည့် လက်နက်/ခဲယမ်းများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်ထံ အပ်နှံသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့က လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသူ (၁၅) ဦးအတွက် ထောက်ပံ့ငွေကျပ် (၁၅) သိန်းပေးအပ်ပြီး မွန်ပြည်နယ်ရဲတပ်ဖွဲ့က တစ်တင်းဝင် ဆန်အိတ် (၁၅) အိတ်၊ ဆီ (၁၅) ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လက်နက်/ခဲယမ်းများ အပ်နှံ**

**မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်ထံ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စောအယ်ထူးက လက်နက်/ခဲယမ်းများ အပ်နှံစဉ်။** (သတင်းစဉ်)



# ယမဟာမော်တော်ဆိုင်ကယ် အရောင်းပြခန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

ယမဟာ မော်တော်ဆိုင်ကယ် အရောင်းပြခန်းဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈)လမ်းနှင့် (၃၆)လမ်းထောင့်ရှိ အဆိုပါ အရောင်းပြခန်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ယမဟာကုမ္ပဏီနှင့် မြန်မာကိုင်ဒိုကုမ္ပဏီတို့မှ တာဝန်ရှိသူတို့က အရောင်းပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများသည် အရောင်းပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(ဓါတ်ပုံ)**

ယခုဖွင့်လှစ်သည့် ယမဟာမော်တော်ဆိုင်ကယ် အရောင်းပြခန်းမှာ မန္တလေးမြို့၌ ပထမဆုံးဖွင့်လှစ်သည့် Show-room ဖြစ်ကြောင်း၊ Showroom အပြင် Service Centre နှင့် Spare Parts အရောင်းဌာနကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဥတုရာသီ တောကိုမှီ၏**

# အားကစား

## အမျိုးသမီးအလွတ်တန်း ဒုတိယအဆင့် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၉ ရက်တွင် ပဒေသာအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၁၅ ဂိုး - ဂိုးမရှိ၊ ပဒုမ္မာအားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားကြသည်။

အောက်တိုဘာ ၁၀ ရက်တွင် ပဒေသာအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ပဒုမ္မာအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမတံခွန်စိုက်ဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ တက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၁၀

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့ညနေ ၄ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသည့် တတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။**

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုများနှင့် ငွေကျပ်တစ်သိန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေကျပ်နှစ်သိန်း၊ ပထမဆုရ မန္တလေးတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုများနှင့် ငွေကျပ်သုံးသိန်း၊ နေရာအလိုက် အကောင်းဆုံးဆုများကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမတံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## BIDC CUP ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်း ပွဲဦးထွက် ဂိုးပြတ်အနိုင်ရ

**နေပြည်တော် အောက်တိုဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသော BIDC CUP (Banks of Investment and Development of Cambodia) ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ဒုတိယပွဲစဉ်ကို ယနေ့ကျင်းပရာ မြန်မာလူငယ်ဘောလုံးအသင်းက လာအိုလူငယ်ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြန်မာလူငယ်အသင်းမှ နေလင်းထွန်းက ၃၆ မိနစ်၊ ၄၅ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပြီး ၇၅ မိနစ်တွင် သက်နိုင်က တစ်ဂိုး၊ ၈၂ မိနစ်တွင် သီဟဇော်က တစ်ဂိုးသွင်းယူသွားကြောင်း သိရသည်။

**အိမ်ရှင်နှင့် ယှဉ်ပြိုင်မည်**

မြန်မာလူငယ် ဘောလုံးအသင်းသည် အောက်တိုဘာ ၁၂ ရက်တွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး သရေကျလျှင်ပင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

BIDC CUP ဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)၌ China Hong Xing အသင်း၊ ဗီယက်နမ်အသင်း၊ ထိုင်းအသင်းတို့ ပါဝင်ပြီး အုပ်စု(ခ)၌ မြန်မာ၊ လာအို၊ အိမ်ရှင် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ကြသည်။

မြန်မာလူငယ်အသင်းကို ပြီးခဲ့သည့် အာဆီယံယူ-၁၉ အသင်းကိုအခြေခံပြီး ယင်းအသင်းမှ ၁၃ ဦးနှင့် ပြီးခဲ့သည့် MNL ပြိုင်ပွဲများတွင် ခြေစွမ်းပြခဲ့သော ဒေးဗစ်ဒန်း၊ ဇော်လင်း၊ ပြည့်ဖြိုးအောင်၊ သက်နိုင် စသည့် လူငယ်အားကစားသမား ခုနစ်ဦးကို အားဖြည့်ထားကြောင်း သိရသည်။ (၁၀၇)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၁၀**

ဦးဘိုထွန်း(လက်ထောက်ညွှန်ကြားရေးမှူး)သည် စက်တင်ဘာ ၃၀ ရက်က သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် Srixon soft feel No.1 ဘောလုံးကို Taylarmade R9 Sandwedge တုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၁၀ အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးကြည်စော (လက်ထောက်ညွှန်ကြားရေးမှူး)၊ဦးသောင်းဟန်၊ ဦးတင်ဦး၊ ဦးဇော်ဝင်းထွန်း၊ ဦးဌေးဝင်းတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (၅၂၇)

## AFF Women Championship 2011
## မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၀

**လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ အောက်တိုဘာ ၁၆ ရက်မှ ၂၆ ရက် အထိ ကျင်းပမည့် AFF Women Championship 2011 ပြိုင်ပွဲသို့ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**

**လိုက်ပါသွား**

အဆိုပါပြိုင်ပွဲသို့ ကစားသမားများအဖြစ် (ဂိုး)မေခင်ယမင်းနှင့် မြဖူးငုံ၊ (နောက်တန်း)မြင့်မြင့်အေး၊ စန်းစန်းမော်၊ စုစုဝေ၊ နန်းနှင်းနှင်းထွေး၊ ရွှေစင်အောင်၊ ခင်သန်းဝေနှင့် သီတာဦး၊ (အလယ်တန်း)သန္တာမိုး၊ သန်းသန်းထွေး၊ နန်းကြေးငုံ၊ ခင်မိုးဝေ၊ စန်းယုနိုင်၊ နီလာမြင့်နှင့် အေးအေးမာ၊ (ရှေ့တန်း)ခင်မာလာထွန်း၊ မိုင်နီလာထွေး၊ ရီရီဦးနှင့် နော်အားလိုဝါးဖောတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒေါ်မြတ်မြတ်ဦး၊ အသင်းအတွင်းရေးမှူးအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမော်၊ ဂျပန်နည်းပြချုပ် Mr. Kumada Yoshi Nori၊ လက်ထောက်နည်းပြအဖြစ် ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ ဦးခင်မောင်ရွှေ၊ အသင်းဆရာဝန်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာခင်စောဦးနှင့် ဂျပန်စကားပြန်အဖြစ် ဒေါ်သီရိအောင်တို့ လိုက်ပါသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပူတာအိုမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပူတာအို အောက်တိုဘာ ၁၀**

၂၀၁၁ ခုနှစ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူးဖလား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီတွင် ပူတာအိုမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ ပူတာအိုမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်၊ မြို့နယ်ရဲမှူး ဒုတိယရဲမှူး ဦးမြင့်မိုး၊ မြို့နယ်စီမံကိန်းအရာရှိ ဦးသိန်းဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးချုံးခေါင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိ၊ မြို့ဖများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**တပ်သစ်အသင်းနိုင်**

ဗိုလ်လုပွဲအဖြစ် တပ်သစ်ရပ်ကွက်အသင်းနှင့် ပန်းသခင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်သစ်အသင်းက ပန်းသခင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပူတာအိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလင်းသူမောင်က ပထမဆုရရှိသော တပ်သစ်ရပ်ကွက်အသင်းအား ပထမဆုတံခွန်စိုက်ဖလား၊ တစ်ဦးချင်း ရွှေဆွဲပြားနှင့် ငွေသားကျပ် နှစ်သိန်းငါးသောင်းကိုလည်းကောင်း၊ မြို့နယ်ရဲမှူး ဒုတိယရဲမှူး ဦးမြင့်မိုးက ဒုတိယဆုရရှိသော ပန်းသခင်အသင်းအား တစ်ဦးချင်းငွေဆွဲပြားနှင့် ငွေသားဆုကျပ် နှစ်သိန်းကို လည်းကောင်း၊ မြို့နယ်စီမံကိန်းအရာရှိ ဦးသိန်းဝင်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးအားကစားသမားဆုရ ပန်းသခင်အသင်းမှ အားဖူအားဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသောင်းကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယဦးစီးမှူး ဦးချုံးခေါင်က ဂိုးသွင်းအများဆုံးဆုရ တပ်သစ်ရပ်ကွက်အသင်းမှ ထွန်းထွန်းဝင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသောင်းကို လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



ဟန်သစ်

## ဥရောပဖလားဗိုလ်လုပွဲကစားမည့် ယူကရိန်းမှ ကီယက်ဗ်အိုလံပစ်ကွင်း ဖွင့်လှစ်

**လန်ဒန် အောက်တိုဘာ ၁၀**

ဥရောပဖလားဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့် ယူကရိန်းနိုင်ငံမှ ကီယက်ဗ် အိုလံပစ်ကွင်းကြီးကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှစ၍ အကြီးစားပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့ရာ ယခုအချိန်တွင် ပြီးဆုံး၍ အောက်တိုဘာ ၈ ရက် (စနေနေ့)က အောင်မြင်စွာဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ပရိသတ် ခုနစ်သောင်းဆံ့ အဆိုပါကွင်းကြီးကို ယူကရိန်းသမ္မတ ဗစ်တာယာနုကိုဗစ်ချ်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ ပရိသတ် ခုနစ်သောင်းနီးပါး တက်ရောက်ခဲ့ပြီး ကိုလံဘီယာပေါ့ပ်အဆိုတော် ရှာကီရာက ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားနှင့်အတူ ကျော်ကြားခဲ့သည့် Waka Waka သီချင်းဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။ ယူကရိန်းတွင် ဖွင့်လှစ်ခဲ့သည့် ဤအိုလံပစ်ကွင်းကြီးသည် ဥရောပရှိ အကောင်းဆုံးကွင်း ၁၀ ကွင်းတွင် တစ်ကွင်း အပါအဝင်ဖြစ်သည်ဟု သိရပြီး ပြင်ဆင်စရိတ်ကုန်ကျမှုမှာ ယူရို ၅၈၅ သန်းဖြစ်သည်။ **အင်တာနက်။**

## တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရတ်ဒ်ဝမ်စကာ ချန်ပီယံဆု ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၁၀**

အောက်တိုဘာ ၁ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် WTA China အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပြီးဆုံးခဲ့ပြီဖြစ်ရာ နောက်ဆုံးဗိုလ်လုပွဲတွင် ပိုလန်သူ ရတ်ဒ်ဝမ်စကာ**(ယာပုံ)** အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်ခဲ့သည်။

ယခု နောက်ဆုံးဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၁၁) ရတ်ဒ်ဝမ်စကာက ကမ္ဘာ့အဆင့်(၉) ဂျာမနီတင်းနစ်မယ် ပက်ကိုဗစ်ကို ၇-၅၊ ၀-၆၊ ၆-၄ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ ပွဲကစားချိန်မှာ ၁၅၄ မိနစ်ကြာမြင့်ခဲ့သည်။

အသက်(၂၂)နှစ်ရှိ ရတ်ဒ်ဝမ်စကာသည် ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် WTA Tour Pan Pacific Open တင်းနစ်ပြိုင်ပွဲတွင်လည်း ပြိုင်ဘက် ရုရှားတင်းနစ်မယ် ဇွော့ဗ်နာရီဗာကို အနိုင်ယူ၍ ချန်ပီယံဆု ဆွတ်ခူးထားသူဖြစ်သည်။ **အင်တာနက်။**





## အိမ်ထောင်မပြုမီ တေးအယ်လ်ဘမ် ၁၀ ချပ် ထုတ်လိုသည့် လေဒီဂါဂါ

အောင်မင်းစိုး

ကမ္ဘာကျော် အမေရိကန်ပေါ့ပ်ဂီတကြယ်ပွင့် လေဒီဂါဂါ**(ဝဲပုံ)**က အိမ်ထောင်သည်မိခင်ဘဝ မရောက်မီ အနည်းဆုံး တေးအယ်လ်ဘမ် ၁၀ ချပ် ထုတ်လုပ်သွားရန် ဆန္ဒရှိကြောင်း၊ လောလောဆယ် ယင်းဆန္ဒမပြည့်ဝသေး၍ အိမ်ထောင်ပြုရန် ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

လေဒီဂါဂါက ကိုယ်ပိုင်မိသားစုဘဝတစ်ခု တည်ဆောက်သွားလိုကြောင်း ဝန်ခံပြောကြားသော်လည်း ယခုအခါ သူမ၏ အနုပညာဂီတလုပ်ငန်းများနှင့် အလုပ်များလျက်ရှိသောကြောင့် အိမ်ထောင်ပြုရန်မစဉ်းစားနိုင်သေးကြောင်း ဖွင့်ဟပြောကြားသည်။

အောက်တိုဘာ ၈ ရက်က ရုပ်သံအစီအစဉ်တစ်ခုတွင် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရန် ဗြိတိန်နိုင်ငံသို့ ရောက်ရှိလာသူ လေဒီဂါဂါက "ကျွန်မက မိခင်စိတ်ရှိသူ တစ်ဦးပါ။ ဒါပေမယ့် အခုလောလောဆယ် အိမ်ထောင်သည်ဘဝအတွက် အဆင်သင့်မဖြစ်သေးပါဘူး။ တစ်နေ့နေ့တော့ ဖြစ်လာမှာပါ။ ကျွန်မကတော့ အဲဒီလိုအိမ်ထောင်သည်ဘဝမရောက်ခင် အနည်းဆုံးတေးအယ်လ်ဘမ် ၁၀ ချပ်လောက် ထုတ်လုပ်သွားချင်တဲ့ ဆန္ဒသာပြင်းပြနေပါတယ်" ဟု ထုတ်ဖော်ပြောကြားသည်။ **အင်တာနက်။**

**ပတိရူပ ဒေသဝါသော စ ေတာမင်္ဂလမုတ္တမံ** သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်း မိမိတပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် KIA အဖွဲ့ထံမှ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့်စက်ကိရိယာများ ရှာဖွေသိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၀

**ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့နယ် တီးမားရဲဘက်အလုပ်စခန်းအား စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် KIA အဖွဲ့တစ်ဖွဲ့က စီးနင်းဝင်ရောက်ပစ်ခတ်ခဲ့ပြီး တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် (၃)ဦးနှင့် အကျဉ်းဦးစီးဝန်ထမ်း (၃)ဦး၊ ရဲတပ်ဖွဲ့မှ လက်နက်ငယ် (၈)လက်တို့နှင့်အတူ ရဲဘက်အကျဉ်းသား (၅၅)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။**



ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်း မိမိတပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် KIA အဖွဲ့ထံမှ ရှာဖွေသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်း KIA အဖွဲ့အား မိမိတပ်မတော်စစ်ကြောင်းမှ လိုက်လံရှင်းလင်းခဲ့ရာ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၆ ရက်အထိ တွေ့ဆုံပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ၎င်းတို့ဘက်မှ လက်နက်ငယ်မျိုးစုံ (၁၂)လက်၊ မိုင်းမျိုးစုံ (၁၆)လုံး၊ ယမ်းမျိုးစုံ (၄၅)အိတ်၊ ယမ်းတောင့် (၉)တောင့်၊ လိုင်စင်မဲ့ မော်တော်ယာဉ် (၄)စီး၊ မော်တော်ဆိုင်ကယ် (၉)စီး၊ အခိုင်အမာအဆောက်အအုံ(၄၆)လုံး၊ တဲမျိုးစုံ (၅၉)လုံးနှင့် ဆန်အိတ်(၂၄၄)အိတ်တို့အား သိမ်းဆည်းရရှိခဲ့သည်။ KIA အဖွဲ့ထံမှ ရဲတပ်ဖွဲ့ဝင် (၃)ဦး၊ အကျဉ်းဦးစီးဝန်ထမ်း (၃)ဦးနှင့် ရဲဘက်အကျဉ်းသား (၃၇)ဦးတို့အား ကယ်တင်နိုင်ခဲ့ပြီး ရဲဘက်အကျဉ်းသား (၁၈)ဦးမှာ တရားခံပြေးအဖြစ် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါ KIA အဖွဲ့အား မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းစဉ် အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီတွင် KIA အဖွဲ့တပ်ရင်း(၁)ရင်း အခြေပြုသည့် မူဆယ်မြို့နယ် တက္ကနိုင်းရွာ အရှေ့တောင်ဘက်ရှိ ပေ(၆၀)ပတ်လည် သွပ်မိုးအုတ်ကာ အဆောက်အအုံအတွင်းမှ အေကေ-၄၇ သေနတ် (၁) လက်၊ ၎င်းကျည်(၆၀)တောင့်၊ ကျည်အိမ်(၂)ခုနှင့် KIA (ကချင်)အဖွဲ့မှ တပ်ကြပ်အဆင့် တံဆိပ်ပါ ယူနီဖောင်း (၁)စုံတို့အား လည်းကောင်း၊ အဆောက်အအုံ၏ အနောက်ဘက်ရှိ အင်္ဂတေဖြင့် ပိတ်ထားသော အုတ်ရေကန်အတွင်းမှ ၆၀-မမ စိန်ပြောင်း(၂)လက်၊ အမ်-၂၁ သေနတ် (၁)လက်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

# နိုင်ငံတော်နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် မနေထိုင်လိုတော့

## မိသားစုဘဝလုံခြုံစိတ်ချစွာ၊ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ အရိပ်ကိုခိုလှုံ

## KNU/KNLA လက်အောက်ခံ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်နက်ဖြင့် အလင်းဝင်ရောက်

နေပြည်တော် အောက်တိုဘာ ၁၀

**နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေပြီဖြစ်ရာ အမျိုးသားပြန်လည်စည်းလုံးရေးအတွက်ထားရှိသော နိုင်ငံတော်၏စေတနာနှင့် သဘောထားအမှန်ကို သိမြင်နားလည်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အချို့သည် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူတို့နှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့❖




**နိုင်ငံတော်၏ စေတနာနှင့် သဘောထားအမှန်ကို သိမြင်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာသော KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စောအယ်ထူးနှင့် စောအဲ့စေ့တို့အဖွဲ့အား တွေ့ရစဉ်။** (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

## စည်းကမ်းဖောက်ယာဉ်များ နှစ်ပတ်အတွင်း ဒဏ်ငွေဆောင်ရမည်

“ အိမ်တိုင်ရာရောက်အကြောင်းကြားခဲ့သော်လည်း နှစ်ပတ်ကျော် ဒဏ်ငွေမဆောင်က တစ်လကျော်လျှင် ဥပဒေအတိုင်း အရေးယူမည် ”

ပြည်တွင်းသတင်း စာမျက်နှာ - ၇

## တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရတ်ဒ်ဝမ်စကာ ချန်ပီယံဆု ဆွတ်ခူး



“ ပိုလန်သူ ရတ်ဒ်ဝမ် စကာသည် ဂျာမနီ တင်းနစ်မယ် ပက်ကိုဗစ်ကို ပွဲချိန် ၁၅၄ မိနစ်ကြာ ကစားပြီး အနိုင်ယူ ”

အားကစားသတင်း စာမျက်နှာ - ၁၀

(11-10)20.pmd 1 10/11/2011, 2:41 AM